## ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်
## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန
## လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာန

# တောင်သူဆွေးနွေးပွဲ (Farmers' Forum)

## လယ်ယာမြေ ဥပဒေ အကြောင်း သိကောင်းစရာများ

ဆွေးနွေးမည့်သူ- ဆန်းလွင်ဦး
ဒုတိယ ညွှန်ကြားရေးမှူး

၂၀၂၃ ခုနှစ်၊ ဩဂုတ်လ၊ ရက်

စိုက်-သု ဌာန၊ ရေဆင်း

# ဆွေးနွေးမည့် အစီအစဉ်

**ကြိုတင် ဖြန့်ဝေမည့် စာရွက်စာတမ်း**

- လယ်ယာမြေဥပဒေလက်ကမ်းစာစောင်

(က) စတင်ခြင်း

(ခ) တစ်ဦးချင်း မိတ်ဆက်ခြင်း

(ဂ) ဆွေးနွေးကြမည့် အကြောင်းအရာများ

- ယခု ဆွေးနွေးပွဲ၏ ရည်ရွယ်ချက် (/များ)
- မြေအမျိုးအစားများ
- လယ်ယာမြေနှင့် သက်ဆိုင်သော ဥပဒေ → လယ်ယာမြေ ဥပဒေ → ရုပ်သိမ်းပြီး ယခင်ဥပဒေများ
- တောင်သူလယ်သမား အဓိပ္ပါယ် → လယ်ယာမြေ ဥပဒေ ပုဒ်မ- ၃ (ဆ) →
  တောင်/ခွင့်/ကျိုး ဥပဒေ ပုဒ်မ- ၂ (ဃ) → ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ပုဒ်မ- ၂၃

# ဆွေးနွေးမည့်အစီအစဉ်

- လယ်ယာမြေ အဓိပ္ပါယ် → လယ်ယာမြေ ဥပဒေ ပုဒ်မ- ၃ (က) →
  လယ်/ဖွံ့/ဘဏ် ဥပဒေ ပုဒ်မ- ၃ (ဌ) (ရှင်းလင်းချက်)
- လယ်ယာမြေ စီမံခန့်ခွဲမှု အဖွဲ့များ → ဖွဲ့စည်းပုံ/ လုပ်ငန်းတာဝန်များ (မြို့နယ်-ရပ်/ကျေးအဖွဲ့များ)
- လယ်ယာမြေလုပ်ပိုင်ခွင့် အဓိပ္ပာယ် → လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် အဓိပ္ပာယ်
- လုပ်ပိုင်ခွင့် လျှောက်ထားခြင်း အခွင့်အရေးများ ( အပြိုင်လျှောက်/ကန့်ကွက်)
- စည်းကမ်းချက်များ → ပြစ်မှုပြစ်ဒဏ်များ ၁၂ (က၊ ခ၊ ဂ၊ ဃ၊ င၊ စ၊ ဆ၊ ဇ၊ ဈ) ၁၃၊ ၁၄ →
- ၁၉ (က)၊ (ခ)၊ (ဂ)၊ (ဃ)၊ ၂၀ (က)၊ (ခ)၊ ၂၁ → ၃၅၊ ၃၆၊ ၃၇၊ ၃၇-က
- လျော်ကြေး၊ နစ်နာကြေး → ပုဒ်မ- ၂၆
- အမွေဆက်ခံ → လွှဲပြောင်း → ဗဟိုလယ်/စီ ညကခ- ၁/ ၂၀၁၇
- ရောင်း/ ပေါင်/ ငှား/ လဲ/ ပေး → ဗဟို လယ်/စီ ညကခ- ၂၊ ၃၊ ၄/ ၂၀၁၉
- အခြားသီးနှံ ပြောင်းစိုက်ခွင့် → ပုဒ်မ- ၂၈

# ဆွေးနွေးမည့်အစီအစဉ်

- အခြားနည်း အသုံးပြုခွင့် → ပုဒ်မ- ၃၀ (က)၊ (ခ)
- မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း လုပ်ပိုင်ခွင့်→ လယ်ယာမြေပြောင်းခွင့် → ပုဒ်မ- ၃၄
- အငြင်းပွားမှု→ အယူခံမှု → ပုဒ်မ- ၂၂ မှ ၂၅
- ပုံစံ- ၇ ပျက်စီး/ ပျောက်ဆုံး → ပြန်လျှောက် → ဗဟို လယ်/စီ ညကစာ- ၁၂၃/၂၀၁၄
- စနစ်ကျလယ်ယာမြေဖော်ထုတ်ခြင်း → နည်း အပိုဒ်- ၉၅
- ကန်ထရိုက် လယ်ယာစနစ် Contract Farming → စိုက်-မွေး-ဆည် မိန့်/ကြော်- ၁၆/၂၀၂၀

(မှတ်ချက်။ မြေနုကျွန်းမြေနှင့် ရွှေ့ပြောင်းတောင်ယာမြေတို့နှင့်စပ်လျဉ်း၍ တက်ရောက်လာကြသူများ၏ ဒေသအရ အသေးစိတ် ဆွေးနွေးခြင်း မပြုပါ၊)

(ဃ) ထပ်မံ မေးမြန်းခြင်း → အနှစ်ချုပ် သုံးသပ်ဆွေးနွေးခြင်း

(င) ဆွေးနွေးပွဲ ပြီးဆုံးခြင်း

# ဆွေးနွေးပွဲ ရည်ရွယ်ချက်

✓လယ်ယာမြေ ဥပဒေအကြောင်း တောင်သူလယ်သမားများ ပိုမို သိရှိနိုင်ကြစေရန်နှင့်

✓အသိပညာ ဆင့်ပွါးမှုဝေပေးနိုင်ကြစေရန်

# မြေအမျိုးအစားများ

ပုံ မူရင်း- FSWG Farmer Extension Notes



၁။ သတ္တုတွင်းမြေ
၂။ သစ်တော ကြိုးဝိုင်းမြေ
၃။ တောရိုင်း
၄။ မြေရိုင်း
၅။ မြစ်ချောင်းနှင့် ရေအောက်မြေ
၆။ ဆည်မြောင်း၊ ကန်၊ တာတမံ မြေ
၇။ ကိုင်း ကျွန်း မြေ
၈။ အင်းအိုင် စသည့် မြေ
၉။ တောင်ယာမြေ
၁၀။သာသနာ သုသာန်၊ အခြား အဆောက်အဦ မြေ
၁၁။ ရွာမြေ

၁၂။ ဥယျာဉ် မြေ
၁၃။ ယာမြေ
၁၄။ လယ်မြေ
၁၅။ ဓနိ မြေ
၁၆။ မီးရထား မြေ
၁၇။ လမ်း မြေ
၁၈။ မြို့ မြေ
၁၉။ စက်ရုံ မြေ
၂၀။ ကွဲနွား စားကျက် မြေ
၂၁။ အမျိုးအစား ခွဲခြားခြင်း မပြုနိုင်သော မြေ
၂၂။ လေယာဉ်ပျံကွင်း မြေ

# လယ်ယာမြေနှင့် သက်ဆိုင်သော ဥပဒေ

## လယ်ယာမြေ ဥပဒေ

လယ်ယာမြေ ဥပဒေ ကို (၃၀.၃.၂၀၁၂) ရက်နေ့တွင် ပြဋ္ဌာန်းခဲ့၊

လယ်ယာမြေ နည်းဥပဒေများကို (၃၁.၈.၂၀၁၂) ရက်နေ့တွင် ပြဋ္ဌာန်းခဲ့၊

လယ်ယာမြေ ဥပဒေကို (၃၁.၈.၂၀၁၂) ရက်နေ့တွင် စတင် အာဏာတည်ကြောင်း ကြေညာခဲ့၊

(၁၄.၂.၂၀၂၀) ရက်နေ့တွင် လယ်ယာမြေ ဥပဒေ ကို ပြင်ဆင်သည့် ဥပဒေ ပြဋ္ဌာန်းခဲ့။

## ရုပ်သိမ်းပြီး ယခင်ဥပဒေများ

(က) ၁၉၅၃ ခုနှစ်၊ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေ၊


(ခ) ၁၉၆၃ ခုနှစ်၊ သီးစားချထားရေးဥပဒေ၊

(ဂ) ၁၉၆၃ ခုနှစ်၊ တောင်သူလယ်သမား အခွင့်အရေးကာကွယ်သည့် ဥပဒေ။

# လယ်ယာမြေ ဥပဒေ ပြဋ္ဌာန်းခြင်း ရည်ရွယ်ချက်

- တောင်သူလယ်သမားများ မိမိတို့ လက်ဝယ်ထားရှိ လုပ်ကိုင်လျက်ရှိသော လယ်ယာမြေ လုပ်ပိုင်ခွင့်နှင့် အခွင့်အရေးများကို ဥပဒေနှင့်အညီ သားစဉ်မြေးဆက် ခိုင်မာစွာ ရရှိစေရန်၊
- လယ်ယာမြေလုပ်ပိုင်ခွင့် ခိုင်ခိုင်မာမာရရှိခြင်းဖြင့် မိမိတို့၏ လယ်ယာမြေကို ပိုမိုတန်ဖိုးထား၍ ရေရှည်အကျိုးစီးပွားဖြစ်ထွန်းအောင် ပိုမိုရင်းနှီးစိုက်ထုတ်ပြီး လယ်ယာထွက်ကုန်များ ပိုမိုတိုးတက်ထွက်ရှိအောင် အားစိုက်ကြိုးပမ်း လုပ်ကိုင်လာနိုင်စေရန်၊
- လယ်ယာမြေဥပဒေပါ ပြဋ္ဌာန်းချက်များကို သိရှိနားလည်ပြီး စနစ်တကျ လိုက်နာဆောင်ရွက် နိုင်စေရန်၊
- လယ်ယာမြေ (စိုက်ပျိုးမြေ) များ ထိခိုက်ဆုံးရှုံးနစ်နာမှုများ မဖြစ်စေရေးအတွက် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်က လယ်ယာမြေဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အချိန်နှင့် တပြေးညီ ကြီးကြပ်ဆောင်ရွက်နိုင်စေရန်၊

# တောင်သူလယ်သမားဆိုသည်မှာ




ပုံ မူရင်း- FSWG Farmer Extension Notes

လယ်ယာမြေ ဥပဒေ **ပုဒ်မ- ၃ (ဆ)** **တောင်သူလယ်သမား** ဆိုသည်မှာ အောက်ဖော်ပြပါ တစ်ရပ်ရပ်နှင့် ကိုက်ညီသူကို ဆိုသည်-

(၁) မြေကိုအသုံးပြု၍သော်လည်းကောင်း၊ အခြားနည်းကိုအသုံးပြု၍သော်လည်းကောင်း၊ စိုက်ပျိုးရေးလုပ်ငန်း သို့မဟုတ် မွေးမြူရေးလုပ်ငန်း သို့မဟုတ် ယင်းနှစ်ရပ်လုံးကို မိမိ၏ အဓိက အသက်မွေး ဝမ်းကျောင်းအဖြစ် မိမိကိုယ်တိုင်လုပ်ကိုင်သူ သို့မဟုတ် မိမိကိုယ်တိုင် အစဉ်တစိုက် လုပ်ကိုင်ခဲ့သူ၊

(၂) ဆိုင်ရာနှစ်တွင် မြေကိုအသုံးပြု၍ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်ခြင်းကိုဖြစ်စေ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းကို တွဲဖက်၍ လုပ်ကိုင်ခြင်းကိုဖြစ်စေ အဓိကအသက်မွေးဝမ်းကျောင်းအဖြစ် လုပ်ငန်းလုပ်ကိုင်ချိန် တစ်လျှောက်လုံး ကိုယ်တိုင်ကြီးကြပ်လုပ်ကိုင်သူ၊

(၃) မြေကိုအသုံးပြု၍သော်လည်းကောင်း၊ အခြားနည်းကိုအသုံးပြု၍သော်လည်းကောင်း ရာသီသီးနှံ၊ ဥယျာဉ်ခြံသီးနှံ၊ နှစ်ရှည်သီးနှံများ စိုက်ပျိုးထုတ်လုပ်ရန် သို့မဟုတ် မွေးမြူရေးလုပ်ငန်းကို စီးပွားဖြစ် လုပ်ကိုင်ရန်အလို့ငှာ အရင်းအနှီး မတည်စိုက်ထုတ်၍ လုပ်ငန်းလုပ်ကိုင်ချိန် တစ်လျှောက်လုံး ကိုယ်တိုင် လုပ်ကိုင်သူ သို့မဟုတ် ကြီးကြပ်စီမံ လုပ်ကိုင်သူ၊

(၄) မြေကိုအသုံးပြု၍သော်လည်းကောင်း၊ အခြားနည်းကို အသုံးပြု၍သော်လည်းကောင်း စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသူ၊

(၅) စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းများနှင့် ယင်းတို့နှင့် ဆက်နွယ်လျက်ရှိသော ထုတ်လုပ်မှု လုပ်ငန်းအလို့ငှာ မြေကို အသုံးပြု၍သော်လည်းကောင်း၊ အခြားနည်းကို အသုံးပြု၍သော်လည်းကောင်း ပျိုးပင်၊ မျိုးစေ့၊ မျိုးနှင့်သားပေါက် များကိုယ်တိုင်ထုတ်လုပ် ရောင်းချသူ။

**တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွါး မြှင့်တင်ရေး ဥပဒေ ပုဒ်မ- ၂ (ဃ) တောင်သူလယ်သမား** ဆိုသည်မှာ အောက်ဖော်ပြပါတစ်ရပ်ရပ်နှင့်ကိုက်ညီသူကို ဆိုသည်-

(၁) မြေကိုအသုံးပြု၍သော်လည်းကောင်း၊ အခြားနည်းကို အသုံးပြု၍သော်လည်းကောင်း စိုက်ပျိုးရေး လုပ်ငန်း သို့မဟုတ် မွေးမြူရေးလုပ်ငန်း သို့မဟုတ် ယင်းလုပ်ငန်းနှစ်ရပ်လုံးကို မိမိ၏ အဓိက အသက်မွေးဝမ်းကျောင်းအဖြစ် မိမိကိုယ်တိုင် လုပ်ကိုင်သူ သို့မဟုတ် မိမိကိုယ်တိုင် အစဉ်တစိုက် လုပ်ကိုင်ခဲ့သူ၊

(၂) ဆိုင်ရာနှစ်တွင် မြေကိုအသုံးပြု၍သော်လည်းကောင်း၊ အခြားနည်းကို အသုံးပြု၍သော်လည်းကောင်း စိုက်ပျိုးရေးလုပ်ငန်း သို့မဟုတ် မွေးမြူရေးလုပ်ငန်း သို့မဟုတ် လုပ်ငန်းနှစ်ရပ်လုံးကို မိမိ၏ အဓိကအသက်မွေးဝမ်းကျောင်းအဖြစ် လုပ်ငန်း လုပ်ကိုင်ချိန် တစ်လျှောက်လုံး ကိုယ်တိုင်ကြီးကြပ် လုပ်ကိုင်သူ၊

(၃) မြေကိုအသုံးပြု၍သော်လည်းကောင်း၊ အခြားနည်းကို အသုံးပြု၍သော်လည်းကောင်း ရာသီသီးနှံ၊ ဥယျာဉ်ခြံသီးနှံ၊ နှစ်ရှည်သီးနှံများ စိုက်ပျိုးထုတ်လုပ်ရန် သို့မဟုတ် စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းကို လုပ်ကိုင်ရန်အလို့ငှာ အရင်းအနှီး မတည်စိုက်ထုတ်၍ လုပ်ငန်းလုပ်ကိုင်ချိန်တစ်လျှောက်လုံး ကိုယ်တိုင် လုပ်ကိုင်သူ သို့မဟုတ် ကြီးကြပ်စီမံလုပ်ကိုင်သူ၊

(၄) မြေကိုအသုံးပြု၍သော်လည်းကောင်း၊ အခြားနည်းကို အသုံးပြု၍သော်လည်းကောင်း စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသူ၊

(၅) စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းများနှင့် ယင်းတို့နှင့်ဆက်နွယ်လျက်ရှိသော ထုတ်လုပ်မှု လုပ်ငန်းအလို့ငှာ မြေကို အသုံးပြု၍သော်လည်းကောင်း၊ အခြားနည်းကို အသုံးပြု၍သော်လည်းကောင်း ပျိုးပင်၊ မျိုးစေ့၊ မျိုးနှင့် သားပေါက်များကိုယ်တိုင် ထုတ်လုပ်ရောင်းချသူ။

# ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံ ဥပဒေ

၂၃။ နိုင်ငံတော်သည် တောင်သူလယ်သမားများ၏-

(က) အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရန် လိုအပ်သည့်ဥပဒေများ ပြဋ္ဌာန်းဆောင်ရွက်မည်၊

(ခ) စိုက်ပျိုးထုတ်လုပ်သည့် ကောက်ပဲသီးနှံများ သင့်တင့်မျှတသည့် တန်ဖိုးရရှိရန် ကူညီဆောင်ရွက်မည်။


# လယ်ယာမြေ အဓိပ္ပါယ်

## လယ်ယာမြေ ဥပဒေ ပုဒ်မ- ၃ (က)

**လယ်ယာမြေ** ဆိုသည်မှာ လယ်မြေ၊ ယာမြေ၊ ကိုင်းကျွန်းမြေ၊ တောင်ယာမြေ၊ နှစ်ရှည်ပင် စိုက်ပျိုးသောမြေ၊ ဓနိမြေ၊ ဥယျာဉ်မြေဟုသော်လည်းကောင်း၊ ဟင်းသီးဟင်းရွက်၊ ပန်းမန်စိုက်ပျိုးသည့် ခြံမြေဟုသော်လည်းကောင်း၊ မြေနုကျွန်းမြေဟုသော်လည်းကောင်း၊ ရွှေ့ပြောင်းတောင်ယာမြေဟုသော်လည်းကောင်း သတ်မှတ်သည့်မြေများကိုဆိုသည်။ ယင်းစကားရပ်တွင် မြို့နယ်နိမိတ်၊ ကျေးရွာ နယ်နိမိတ်အတွင်းရှိ လူနေအိမ်ရာများ၊ ဘာသာရေး အဆောက်အအုံနှင့် ပရဝဏ်များ၊ အများပိုင်ဆိုင်၍ စိုက်ပျိုးရေး အတွက် အသုံးမပြုသော မြေများ မပါဝင်။

## လယ်ယာဖွံ့ဖြိုးရေး ဘဏ် ဥပဒေ ပုဒ်မ- ၃ (ဠ)

**ရှင်းလင်းချက်။** လယ်ယာမြေဆိုသည်မှာ စိုက်ပျိုးရေး အတွက်အသုံးပြုသည့် သို့မဟုတ် လက်ရှိထားသည့် မြေကို ဆိုသည်။ ထိုစကားရပ်တွင် လယ်၊ ယာ၊ ကိုင်းမြေများ၊ ကြက်ပေါင်စေး၊ ဓနိ၊ ဥယျာဉ်ခြံမြေများ၊ ဟင်းသီးဟင်းရွက်၊ ပန်းမန်စိုက်ပျိုးသည့်ခြံမြေများ၊ ကျွန်း၊ မြေနုကျွန်းပေါ်များနှင့် ထိုမြေများပေါ်တွင် တည်ရှိနေသည့် အဆောက်အအုံများလည်း အကျုံးဝင်သည်။ သို့ရာတွင် မြို့ နယ်နိမိတ်၊ ကျေးရွာ နယ်နိမိတ် အတွင်းရှိ လူနေအိမ်ရာများ၊ ဘာသာရေး အဆောက်အအုံနှင့် ပရိဝုဏ်များ၊ အများပိုင်ဆိုင်၍ စိုက်ပျိုးရေးအတွက် အသုံး မပြုသော မြေကွက်များ မပါဝင်၊




ပုံ မူရင်း- FSWG Farmer Extension Notes

# လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့် ဖွဲ့စည်းခြင်း

- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၅.၂.၂၀၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၆၅/၂၀၂၃ ဖြင့်
  - ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့(၂၁) ဦး၊ လုပ်ငန်းတာဝန် (၂၀) ရပ်
- ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ၁၂.၁၀.၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃/၂၀၂၁ ဖြင့်
  - နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ (၁၁) ဦး၊ လုပ်ငန်းတာဝန် (၂၄) ရပ်
  - ခရိုင် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ (၇) ဦး၊ လုပ်ငန်းတာဝန် (၂၃) ရပ်
  - မြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ (၁၂) ဦး၊ လုပ်ငန်းတာဝန် (၂၅) ရပ်
  - ရပ်ကွက်/ ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ (၈) ဦး၊ လုပ်ငန်းတာဝန် (၁၄) ရပ်

မှတ်ချက်။ သက်ဆိုင်ရာ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်တွင် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာန အနေဖြင့် အတွင်းရေးမှူးအဖြစ် တာဝန်ယူဆောင်ရွက်ရပါသည်။

# မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း

ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ (၁၂.၁၀.၂၀၂၁) ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်- ၃/၂၀၂၁ ဖြင့် ဥက္ကဋ္ဌ၊ အဖွဲ့ဝင်၊ အတွင်းရေးမှူး၊ တောင်သူလယ်သမားကိုယ်စားလှယ်များ ပါဝင်သော (၁၂) ဦး ဖြင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ကို ပြင်ဆင်ဖွဲ့စည်းထားခဲ့ပြီး အမိန့်ကြော်ငြာစာ အမှတ်- ၄/ ၂၀၂၁ ဖြင့် တာဝန်နှင့် လုပ်ပိုင်ခွင့်များ သတ်မှတ်ပေးထားခဲ့ပါသည်။

## မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့

| | | |
|---|---|---|
| (၁) | မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ<br>အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန | ဥက္ကဋ္ဌ |
| (၂) | မြို့နယ် ဦးစီးမှူး၊ စိုက်ပျိုးရေး ဦးစီးဌာန | အဖွဲ့ဝင် |
| (၃) | မြို့နယ် ဦးစီးမှူး၊ မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန | အဖွဲ့ဝင် |
| (၄) | မြို့နယ် ဦးစီးမှူး၊ စီမံကိန်းရေးဆွဲရေး ဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | မြို့နယ် ဦးစီးမှူး၊ ငါးလုပ်ငန်း ဦးစီးဌာန | အဖွဲ့ဝင် |
| (၆) | မြို့နယ် ဦးစီးမှူး၊ သစ်တော ဦးစီးဌာန | အဖွဲ့ဝင် |
| (၇) | တောင်သူလယ်သမား ကိုယ်စားလှယ်(၅) ဦး | အဖွဲ့ဝင် |
| (၈) | မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာနမှူး | အတွင်းရေးမှူး |

(ခ) **မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**

(၁) မြို့နယ်ဦးစီးဌာနရုံးမှ တင်ပြလာသည့် လယ်ယာမြေလုပ်ပိုင်ခွင့် လုပ်ငန်းစာတွဲများကို စိစစ်၍ ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ သဘောထားမှတ်ချက်ဖြင့် တင်ပြခြင်း၊ ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ အကြောင်းကြားချက်နှင့်အညီ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ကြောင်း အကြောင်းကြားစာ ပေးပို့ခြင်း။

(၂) ပြန်လည်သိမ်းယူသော လယ်ယာမြေ၊ အသစ်ဖော်ထုတ်သော လယ်ယာမြေများနှင့် စပ်လျဉ်း၍ လျှောက်ထားနိုင်ကြောင်း၊ အများပြည်သူသိရှိရန် ကြေညာခြင်း၊ လျှောက်ထားခြင်းများအပေါ် မြို့နယ်ဦးစီးဌာနရုံးက စိစစ်တင်ပြသော လုပ်ငန်းစာတွဲများကို ထပ်မံ စိစစ်ပြီး ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြခြင်း၊ ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ အကြောင်းကြားချက်နှင့်အညီ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခံရသူထံ ငြင်းပယ်ကြောင်း အကြောင်း ကြားစာ ပေးပို့ခြင်း။

(၃) လယ်ယာမြေလုပ်ပိုင်ခွင့် ရောင်းချခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် ပေးကမ်းခြင်း၊ လွှဲပြောင်း လက်ခံခြင်းများနှင့် စပ်လျဉ်း၍ မြို့နယ်ဦးစီးဌာနရုံးမှ စစ်ဆေးတင်ပြသော လုပ်ငန်းစာတွဲများကို ထပ်ဆင့်စိစစ်၍ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ထုတ်ပေးခြင်း၊ ခရိုင်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့သို့ အစီရင်ခံ တင်ပြခြင်း။

(၄) လယ်ယာမြေလုပ်ပိုင်ခွင့် အမွေဆက်ခံခြင်းနှင့်စပ်လျဉ်း၍ မြို့နယ်ဦးစီးဌာနရုံးမှ သဘောထား မှတ်ချက်ဖြင့် တင်ပြလာသော လုပ်ငန်းစာတွဲများကို ထပ်ဆင့်စိစစ်၍ လယ်ယာမြေ လုပ်ပိုင်ခွင့်ရရှိသူ အမည်ပြောင်းလဲခွင့်ပြုကြောင်း သို့မဟုတ် ငြင်းပယ်ကြောင်း မြို့နယ်ဦးစီး ဌာန ရုံးသို့ အကြောင်း ကြားခြင်း၊ မြို့နယ် ဦးစီးဌာနရုံးမှ နည်းဥပဒေနှင့်အညီ မှတ်တမ်း တင်ပြီးကြောင်း တင်ပြချက်ကို လက်ခံရရှိသောအခါ လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ကြောင်း အကြောင်းကြားခြင်း၊ ဆောင်ရွက်ပြီးစီးမှုကို ခရိုင်လယ်ယာမြေစီမံ ခန့်ခွဲမှုအဖွဲ့သို့ တင်ပြခြင်း။

(၅) ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့် သို့မဟုတ် အသုံးပြုခွင့်ရရှိသူ၏ လယ်ယာမြေအဖြစ် ပြောင်းလဲသတ်မှတ်နိုင်ရေးအတွက် လျှောက်ထားချက်များအား စိစစ်ခွင့်ပြုကြောင်း အကြောင်းကြား ချက်ကို မြို့နယ်ဦးစီးဌာနရုံးနှင့် သက်ဆိုင်ရာ ပုဂ္ဂိုလ်သို့ အကြောင်းကြားခြင်း၊ ရပ်ကွက်/ ကျေးရွာအုပ်စုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့သို့ မိတ္တူပေးပို့ခြင်း၊ ဆက်လက် အကြောင်းကြားခြင်း၊ မြို့နယ်ဦးစီးဌာနရုံးမှ နည်းဥပဒေနှင့်အညီ စိစစ်တင်ပြချက်များအရ လျှောက်ထားသူအား လယ်ယာမြေလုပ်ပိုင်ခွင့် ပြုလက်မှတ် ထုတ်ပေးခြင်း။

(၆) ကျေးလက်ဒေသတောင်သူလယ်သမားများနှင့် မိသားစု တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေးအတွက် လုပ်ပိုင်ခွင့်ရရှိထားသူများက မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းမှ လယ်ယာမြေအဖြစ် ပြောင်းလဲသတ်မှတ်ပေးရန်၊ တိုင်းဒေသကြီး/ ပြည်နယ်၊ နေပြည်တော် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ လျှောက်ထားပြီးနောက် စိစစ်ခွင့်ပြုကြောင်း အကြောင်းကြားချက်ကို မြို့နယ်ဦးစီးဌာနရုံးသို့ ဆက်လက်အကြောင်းကြားခြင်း၊ မြို့နယ်ဦးစီးဌာနရုံးမှ နည်းဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်၍ ပြန်လည်တင်ပြချက်အရ လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် ထုတ်ပေးခြင်း။

(၇) ပေါင်နှံသော လယ်ယာမြေများနှင့်စပ်လျဉ်း၍ မြို့နယ်ဦးစီးဌာနရုံးမှ စစ်ဆေးတင်ပြလာသော လုပ်ငန်းစာတွဲများကို စိစစ်၍ ခွင့်ပြုကြောင်း သို့မဟုတ် ငြင်းပယ်ကြောင်း မြို့နယ်ဦးစီးဌာနရုံးသို့ အကြောင်းကြား ခြင်း၊ မြို့နယ်ဦးစီးဌာနရုံးမှ ခွင့်ပြုကြောင်း သို့မဟုတ် ငြင်းပယ်ကြောင်း ဥပဒေ၊ နည်းဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ပြီးနောက် တင်ပြချက်များအရ လျှောက်ထားသူအား လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ်ထုတ် ပေးခြင်း၊ ဆောင်ရွက်ချက်အား ခရိုင်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့သို့ ဆက်လက်တင်ပြခြင်း။

(၈) လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူက ခွင့်ပြုချက်မရှိဘဲ နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသား ပါဝင်သည့် အဖွဲ့အစည်းသို့ လွှဲပြောင်းခြင်း မပြုနိုင်ရေး တိကျစွာ ကြီးကြပ်ခြင်း။

(၉) လယ်ယာမြေကို အခြားနည်းအသုံးပြုရန် ခွင့်ပြုချက်ရရှိသူက သတ်မှတ်ကာလအတွင်း သတ်မှတ်သည့်နည်းလမ်းအတိုင်း အသုံးမပြုခြင်း၊ သတ်မှတ်ကာလအတွင်း လုပ်ငန်းပြီးစီးမှုမရှိကြောင်း တွေ့ရှိရခြင်းများအတွက် ယင်းလယ်ယာမြေအား အခြားနည်း အသုံးပြုရန် ခွင့်ပြုချက်ကို ပယ်ဖျက်နိုင်ရန် ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြခြင်း။

(၁၀) လယ်ယာမြေဥပဒေ ပုဒ်မ ၃၇ အရ ပြစ်မှုထင်ရှားစီရင်ခံရကြောင်း တွေ့ရှိရခြင်းများအတွက် သက်ဆိုင်ရာလယ်ယာမြေကို ပြန်လည်သိမ်းယူနိုင်ရေး ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြခြင်း။

(၁၁) လယ်ယာမြေဥပဒေပုဒ်မ ၁၂ ပါ စည်းကမ်းချက်များကို လိုက်နာရန် ပျက်ကွက်ခြင်းနှင့် စပ်လျဉ်း၍ ပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ) သို့မဟုတ် (ဃ) ပါ စီမံခန့်ခွဲရေး ပြစ်ဒဏ်တစ်ရပ်ရပ် ချမှတ်သည့်ကိစ္စနှင့် လယ်ယာမြေ လုပ်ပိုင်ခွင့်ကို ပြန်လည်သိမ်းယူနိုင်ရေးတို့အတွက် ခရိုင်လယ်ယာမြေ စီမံခန့်ခွဲမှု အဖွဲ့သို့ တင်ပြခြင်း။

(၁၂) လယ်ယာမြေလုပ်ပိုင်ခွင့် အငြင်းပွားမှုများနှင့် စပ်လျဉ်း၍ ရပ်ကွက်/ ကျေးရွာအုပ်စု လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့၏ အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း။

(၁၃) လယ်ယာမြေလုပ်ပိုင်ခွင့် အငြင်းပွားမှုနှင့်စပ်လျဉ်း၍ ဆုံးဖြတ်ချက်အမိန့်ချမှတ် ဆောင်ရွက် ပြီးနောက် ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ သတ်မှတ်ကာလအတွင်း အယူခံဝင်ရောက် ခြင်းမရှိသည့် အငြင်းပွားမှုများအား မြေယာမှုခင်းဆုံးဖြတ်ချက်နှင့်အညီ လယ်ယာမြေ လုပ်ပိုင်ခွင့်ပြု လက်မှတ် ပုံစံ (၇) ပါ အမည်၊ တည်နေရာ၊ ဧရိယာ ပြုပြင်ပြောင်းလဲရန် လိုအပ်ပါက မူလလုပ်ပိုင် ခွင့်ပြုလက်မှတ်ကို ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်း။

(၁၄) မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် သိမ်းယူသော လယ်ယာမြေများ နှင့်စပ်လျဉ်း၍ နိုင်ငံတော် ကပေးအပ်ရမည့် နစ်နာကြေးနှင့် လျော်ကြေး တွက်ချက်၍ ခရိုင်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြခြင်း။

(၁၅) မြို့နယ်ဦးစီးဌာနရုံးမှ သဘောထားမှတ်ချက်ပြု တင်ပြလာသော လယ်ယာမြေကို ရာသီသီးနှံ အမျိုးအစားမှ အခြားသီးနှံအမျိုးအစားသို့ ပြောင်းလဲစိုက်ပျိုးခွင့် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ ထပ်ဆင့်စိစစ်ပြီး သဘောထား မှတ်ချက်ဖြင့် ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြခြင်း။

(၁၆) လယ်ယာမြေကို အခြားနည်းအသုံးပြုခွင့် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ မြို့နယ်ဦးစီးဌာနရုံးမှ သဘောထားမှတ်ချက်ဖြင့် စိစစ်တင်ပြလာသော လုပ်ငန်းစာတွဲများကို ထပ်ဆင့် စိစစ်ပြီး သဘောထားမှတ်ချက်နှင့်အတူ ခရိုင်လယ်ယာမြေစီမံ ခန့်ခွဲမှုအဖွဲ့သို့ တင်ပြခြင်း။

(၁၇) လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုခွင့်ပြုထားသည့် လုပ်ငန်းများ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေကို ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြနိုင်ရေးအတွက် ခွင့်ပြုသည့်နေ့ရက်မှ (၆) လအတွင်း သတ်မှတ်သည့် နည်းလမ်း အတိုင်း အသုံးမပြုကြောင်းနှင့် သတ်မှတ်သည့်ကာလအတွင်း လုပ်ငန်းပြီးစီးမှုမရှိကြောင်း တွေ့ရှိပါက သီးခြားကိစ္စ တစ်ရပ်အဖြစ် အမှုတွဲဖွင့်လှစ်၍ ကွင်းဆင်းစစ်ဆေးပြီး ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ ဓါတ်ပုံမှတ်တမ်းများနှင့်အတူ တင်ပြခြင်း။

(၁၈) လယ်ယာမြေကို ခေတ်မီစံပြစက်မှုလယ်ယာအဖြစ်မှ ပြုပြင်ပြောင်းလဲ ဖော်ထုတ်ရာတွင် နယ်နိမိတ် နှင့် ဧရိယာ အတိုး၊ အလျော့ ဖြစ်ပေါ်လာပါက ကွင်းဆင်းစိစစ်ခြင်း၊ မှန်ကန်မျှတစွာ ညှိနှိုင်းဆုံးဖြတ်ခြင်း၊ လယ်ယာမြေ လုပ်ပိုင်ခွင့် ပြန်လည် သတ်မှတ်ခွင့်ပြုပေးနိုင်ရန် စိစစ်တင်ပြ ဆောင်ရွက်ခြင်း။

(၁၉) လယ်ယာမြေဥပဒေပုဒ်မ ၁၂ ပါ စည်းကမ်းချက်များ အားလုံးကို ဖြစ်စေ၊ စည်းကမ်းချက် တစ်ခုခုကို ဖြစ်စေ လိုက်နာရန် ပျက်ကွက်သူအား ပုဒ်မ ၁၉ အရ အမိန့်ချမှတ်ခြင်း၊ အမိန့်လိုက်နာခြင်းမရှိသူအား ပုဒ်မ ၃၅ အရ ပြစ်ဒဏ် ချမှတ်နိုင်ရေး အတွက် တရားစွဲဆိုခြင်း၊ ထိုသို့ တရားစွဲဆိုမှုကို ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြခြင်း။

(၂၀) လယ်ယာမြေလုပ်ပိုင်ခွင့်ကို နိုင်ငံတော်အစိုးရ၏ ခွင့်ပြုချက်မရှိဘဲ နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသား ပါဝင်သော အဖွဲ့အစည်းသို့ လွှဲပြောင်းခြင်းနှင့်စပ်လျဉ်း၍ လယ်ယာမြေ ဥပဒေ ပုဒ်မ ၃၇ အရ ပြစ်ဒဏ် ချမှတ်နိုင်ရေးအတွက် ရဲတပ်ဖွဲ့သို့ တိုင်ကြားခြင်း။

(၂၁) မြေနုကျွန်းစီမံခန့်ခွဲရာတွင် ရပ်ကွက်/ ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များနှင့် ညှိနှိုင်း၍ ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ အတည်ပြုချက်ဖြင့် မြေနုကျွန်း လုပ်ကိုင်ခွင့်ချထားပေးရမည့် ရပ်ကွက် သို့မဟုတ် ကျေးရွာများကို အုပ်ချုပ်မှုနယ်မြေအပေါ် အခြေခံ၍ သတ်မှတ်ခြင်း၊ မြေနုကျွန်းမြေအား လယ်ယာမြေနည်းဥပဒေနှင့်အညီ လုပ်ကိုင်ခွင့်ချထားခြင်း၊ မြေနုကျွန်း မြေ လုပ်ကိုင်ခွင့် ရရှိသူများ မှတ်ပုံတင်စာရင်း ပြုစုခြင်း၊ မြေနုကျွန်း လုပ်ကိုင်ခွင့် အပြောင်းအလဲမှုများအား ကွင်းဆင်း စစ်ဆေး၍ ညှိနှိုင်းဖြေရှင်းခြင်း။

(၂၂) ရွှေ့ပြောင်းတောင်ယာ စိုက်ပျိုးရေးလုပ်ငန်းနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များကို ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ စိစစ်တင်ပြခြင်း၊ ရပ်ကွက်/ ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များ၏ ဆောင်ရွက်ချက်များအား စိစစ်ခြင်း၊ လမ်းညွှန်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း။

(၂၃) လယ်ယာမြေလုပ်ပိုင်ခွင့် အပြောင်းအလဲမှုနှင့် အယူခံမှုများ လက်ခံစစ်ဆေး ဆောင်ရွက်ပြီးစီးမှု အမှုလက်ကျန် စာရင်းတို့ကို ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့သို့ လစဉ်အစီရင်ခံစာ ပေးပို့တင်ပြခြင်း။

(၂၄) လယ်ယာမြေဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းထားသည့် စည်းကမ်း ချက်များကို လိုက်နာစေရန် ကြီးကြပ် ကွပ်ကဲခြင်း၊ စည်းကမ်း ဖောက်ဖျက်မှုများကို အရေးယူ ဆောင်ရွက်ခြင်း။

(၂၅) ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၊ တိုင်းဒေသကြီး/ ပြည်နယ် နေပြည်တော် လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့နှင့် ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့တို့က အခါအားလျော်စွာ ပေးအပ်သည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။ 

# ရပ်ကွက်/ ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း

ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ (၁၂.၁၀.၂၀၂၁) ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်- ၃/၂၀၂၁ ဖြင့် ဥက္ကဋ္ဌ၊ အဖွဲ့ဝင်၊ အတွင်းရေးမှူး၊ ရပ်မိရပ်ဖ နှင့် တောင်သူလယ်သမားကိုယ်စားလှယ်များ ပါဝင်သော (၈) ဦး ဖြင့် ရပ်ကွက်/ ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ကို ပြင်ဆင်ဖွဲ့စည်းထားခဲ့ပြီး အမိန့်ကြော်ငြာစာ အမှတ်- ၄/ ၂၀၂၁ ဖြင့် တာဝန်နှင့် လုပ်ပိုင်ခွင့်များ သတ်မှတ်ပေးထားခဲ့ပါသည်။

**ရပ်ကွက်/ ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

| | | |
|---|---|---|
| (၁) | ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး | ဥက္ကဋ္ဌ |
| (၂) | ရပ်ကွက်/ ကျေးရွာ ရပ်မိရပ်ဖ (၂) ဦး | အဖွဲ့ဝင် |
| (၃) | တောင်သူလယ်သမား ကိုယ်စားလှယ်(၃) ဦး | အဖွဲ့ဝင် |
| (၄) | ရပ်ကွက်/ ကျေးရွာအုပ်စု စာရေးဝန်ထမ်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | ရပ်ကွက်/ ကျေးရွာအုပ်စု မြေတိုင်းစာရေး | အတွင်းရေးမှူး |

(သစ်တောဦးစီးဌာနမှ ကိုယ်စားလှယ်နှင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ကိုယ်စားလှယ်တို့အား ရပ်ကွက်/ကျေးရွာအုပ်စု တာဝန်ခံများ ရှိခဲ့ပါက ထည့်သွင်းဖွဲ့စည်းရန်)

(ခ) **ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**

(၁) လယ်ယာမြေလုပ်ပိုင်ခွင့် လျှောက်လွှာများကို လက်ခံရရှိသည့်နေ့မှစ၍ ရက်ပေါင်း (၃၀) အတွင်း မြို့နယ်ဦးစီး ဌာနရုံးသို့ စိစစ်ထောက်ခံချက်ဖြင့် ပေးပို့ခြင်း။

(၂) လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း၊ ပေးကမ်းခြင်းများအား ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့် ကိုက်ညီပါက ရပ်ကွက်/ ကျေးရွာအုပ်စု လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့၏ ရှေ့မှောက်တွင် စာချုပ်ချုပ်ဆို စေခြင်း။

(၃) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်းရှိ လယ်ယာမြေ လုပ်ပိုင်ခွင့် ရရှိသူ နှင့် လုပ်ပိုင်ခွင့်ပြုသည့် လယ်ယာမြေ များအား မှတ်တမ်းပြုစုထား ရှိရန် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအလိုက် လယ်ယာမြေ လုပ်ပိုင်ခွင့်ပြု မှတ်ပုံတင် စာရင်း (ပုံစံ-၁၁) ကို ဖွင့်လှစ်ထားရှိခြင်း။

(၄) လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူများ လိုက်နာရမည့် စည်းကမ်းချက်များကို လိုက်နာစေရန် နှင့် ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ လယ်ယာမြေကို လုပ်ထားခြင်းမရှိစေရန် ကြီးကြပ်ခြင်း၊ မလိုက်နာပါက မြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ အရေးယူနိုင်ရန် တင်ပြခြင်း။

(၅) လယ်ယာမြေလုပ်ပိုင်ခွင့် အငြင်းပွားမှုများကို မူလမြေယာမှုခင်း ဖွင့်လှစ်၍ စစ်ဆေး ဆုံးဖြတ်ခြင်း။

(၆) လယ်ယာမြေလုပ်ပိုင်ခွင့် အငြင်းပွားမှုနှင့်စပ်လျဉ်း၍ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ဆုံးဖြတ်ချက်ကို အယူခံဝင်ရောက် နေစဉ် ကာလအတွင်း ယင်းဆုံးဖြတ်ချက်အား လိုက်နာဆောင်ရွက်စေရန် ကြီးကြပ်ခြင်း။

(၇) လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူမှ နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသား ပါဝင်သည့် အဖွဲ့အစည်းသို့ လွှဲပြောင်းခြင်း မပြုနိုင်ရေး ကြီးကြပ်ခြင်း၊ ဖောက်ဖျက်ကြောင်း တွေ့ရှိရပါက အရေးယူနိုင်ရန် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ ချက်ချင်းတင်ပြခြင်း။

(၈) လယ်ယာမြေတွင် ရာသီသီးနှံမှ အခြားသီးနှံသို့ ပြောင်းလဲစိုက်ပျိုးရန် လျှောက်ထားခြင်း များကို စိစစ်တင်ပြခြင်း။

(၉) လယ်ယာမြေကို အခြားနည်း အသုံးပြုခွင့် လျှောက်ထားခြင်းများကို စိစစ် တင်ပြခြင်း။

(၁၀) ကွဲ၊ နွား စားကျက်များနှင့် ရွာဘုံမြေများကို မပျက်စီးစေရန် ကြီးကြပ် ဆောင်ရွက်ခြင်း။

(၁၁) မြေနုကျွန်းမြေ လုပ်ကိုင်ခွင့် ချထားခြင်းနှင့် စပ်လျဉ်းပြီး အုပ်ချုပ်မှု နယ်မြေအပေါ် အခြေခံ၍ လုပ်ကိုင်ခွင့် ချထားရမည့် ရပ်ကွက် သို့မဟုတ် ကျေးရွာများကို သတ်မှတ်နိုင်ရေးအတွက် မြို့နယ် လယ်ယာမြေစီမံ ခန့်ခွဲမှုအဖွဲ့သို့ တင်ပြခြင်း။

(၁၂) မြို့နယ်အတွင်း ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အချင်းချင်း မြေနုကျွန်းမြေ လုပ်ကိုင်ခွင့် အငြင်းပွားမှုများ ပေါ်ပေါက် ပါက မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့နှင့်အတူ ကွင်းဆင်း စစ်ဆေး၍ ညှိနှိုင်း ဖြေရှင်းခြင်း။

(၁၃) လယ်ယာမြေဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းထားသည့် စည်းကမ်းချက်များကို လိုက်နာစေရန် ကြီးကြပ် ကွပ်ကဲခြင်း၊ စည်းကမ်း ဖောက်ဖျက်မှု များကို အရေးယူ ဆောင်ရွက်ခြင်း။

(၁၄) ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၊ တိုင်းဒေသကြီး/ ပြည်နယ်၊ နေပြည်တော် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၊ ခရိုင်နှင့် မြို့နယ် လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့တို့က အခါအားလျော်စွာ ပေးအပ်သည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

## လယ်ယာမြေလုပ်ပိုင်ခွင့် အဓိပ္ပာယ် → လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် အဓိပ္ပာယ်

- **လယ်ယာမြေလုပ်ပိုင်ခွင့်** ဆိုသည်မှာ နိုင်ငံတော်သည် မြေယာအားလုံး၏ ပင်ရင်းပိုင်ရှင် ဖြစ်၍ လယ်ယာမြေကို စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားစေရန်အလို့ငှာ ဤဥပဒေ၊ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်း၊စည်းကမ်းများနှင့်အညီ လက်ဝယ်ထားရှိ၍ စိုက်ပျိုးလုပ်ကိုင် အသုံးချခွင့်ပြုခြင်းကို ဆိုသည်။ သို့ရာတွင် မြေပေါ်မြေအောက်ရှိ ကျောက်မျက်၊ သတ္တု၊ ရေနံနှင့်ဓါတ်ငွေ့စသည့် သဘာဝသယံဇာတများ ထုတ်ယူအသုံးချခွင့် မပါဝင်။ (လယ်ယာမြေဥပဒေ ပုဒ်မ- ၃ (စ))

- **လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်** ဆိုသည်မှာ လယ်ယာမြေကိုလုပ်ပိုင်ခွင့်ပြုကြောင်း လယ်ယာမြေဥပဒေအရ ထုတ်ပေးသည့်ခွင့်ပြုလက်မှတ်ကိုဆိုသည်။ (လယ်ယာမြေ နည်းဥပဒေ ၂ (က))

# လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ ၇) ထုတ်ပေးခြင်း

- လယ်ယာမြေကို အသုံးပြုခွင့်ရရှိထားသူသည် လယ်ယာမြေ လုပ်ပိုင်ခွင့်ရရှိရန် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှတဆင့် မြို့နယ်ဦးစီးဌာနရုံးသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။ (ပုဒ်မ-၄)
- လယ်ယာမြေကို လက်ရှိအသုံးပြုခွင့်ရရှိထားသောအဖွဲ့အစည်းသည် မိမိအသုံးပြုခွင့် ရရှိ ထားသော လယ်ယာမြေအတွက် လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိရန် လယ်ယာမြေ လုပ်ပိုင်ခွင့် လျှောက်လွှာ (ပုံစံ ၁)ကို သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ရုံးတွင် အခမဲ့ရယူ၍ ပြည့်စုံစွာ ဖြည့်စွက်ပြီး ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ မှတစ်ဆင့် မြို့နယ်ဦးစီးဌာနရုံးသို့ လျှောက်ထားရမည်။ (နည်းဥပဒေ -၄)

- အောက်ပါအချက်တစ်ရပ်ရပ်တွင် အကျုံးဝင်သည့် အသက် ၁၈ နှစ်ပြည့်ပြီးသော နိုင်ငံသားသည် လယ်ယာမြေလုပ်ပိုင်ခွင့်လျှောက်လွှာ (ပုံစံ ၁)ကို ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူး ရုံးတွင်အခမဲ့ရယူ၍ ပြည့်စုံစွာ ဖြည့်စွက်လျှောက်ထားရမည် - (နည်းဥပဒေ - ၃)
    - တောင်သူလယ်သမားအိမ်ထောင်စု သို့မဟုတ် အိမ်ထောင်သားစုဝင် ဖြစ်ခြင်း၊
    - အိမ်ထောင်သားစုအကြီးအကဲ သို့မဟုတ် အိမ်ထောင်သားစုတွင်ပါဝင်သူ တစ်ဦး သို့မဟုတ် အုပ်ထိန်းသူ ဖြစ်ခြင်း။
    - ပူးတွဲလက်ရှိ အသုံးပြုခွင့်ရရှိထားပါက ယင်းအကျိုးတူခံစားခွင့်ရှိသော တောင်သူလယ်သမား အိမ်ထောင်သားစု ဖြစ်ခြင်း၊
    - ဥပဒေ အာဏာမတည်မီ တရားဝင် လက်ရှိလက်ငုတ် လုပ်ကိုင်နေသူ ဖြစ်ခြင်း၊
    - ဥပဒေပြဋ္ဌာန်းပြီးနောက် တရားဝင်အကျိုးခံစားခွင့်ရှိသူ ဖြစ်ခြင်း၊
    - လျှောက်ထားသည့် လယ်ယာမြေတွင် အမှန်တကယ်လုပ်ကိုင်နေသူဖြစ်ကြောင်း ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် လယ်နီးချင်းသက်သေနှစ်ဦး တို့က ထောက်ခံသူဖြစ်ခြင်း၊
    - ဦးစီးဌာန၏မှတ်တမ်းများအရ အတည်ပြုခံရသူဖြစ်ခြင်း၊
    - အထောက်အထား တင်ပြနိုင်သူဖြစ်ခြင်း။

- ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် နည်းဥပဒေ ၃ သို့မဟုတ် ၄ အရ လျှောက်ထားသော လယ်ယာမြေလုပ်ပိုင်ခွင့်လျှောက်လွှာကို လက်ခံ ရရှိသည့်နေ့မှ ရက်ပေါင်း (၃၀)အတွင်း မြို့နယ်ဦးစီးမှူးဌာနရုံးသို့ စိစစ်ထောက်ခံချက်ဖြင့် ပေးပို့ရမည်။ (နည်းဥပဒေ-၅)

- မြို့နယ်ဦးစီးဌာနရုံးသည် - (နည်းဥပဒေ - ၆၊ ၇(က))
  - လယ်ယာမြေလုပ်ပိုင်ခွင့် လုပ်ငန်းစာတွဲဖွင့်လှစ်ခြင်း။ လျှောက်လွှာလက်ခံ ရရှိသည့်နေ့မှ ၁၅ ရက် အတွင်း ပုံစံ (၂)ဖြင့် ကြေညာခြင်း။
  - လျှောက်လွှာပါ အချက်အလက်များကို လယ်ယာမြေလုပ်ပိုင်ခွင့်လျှောက်လွှာ မှတ်ပုံတင်စာရင်း (ပုံစံ ၃) တွင် ရေးသွင်းခြင်း။
  - လျှောက်လွှာလက်ခံရရှိသည့်နေ့မှ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းကို ကန့်ကွက်နိုင်ရန် ထုတ်ဆင့်သည့် ကြော်ငြာစာ (ပုံစံ ၂)ဖြင့် ကြေညာခြင်း။
  - ကြော်ငြာစာကို မြို့နယ်ဦးစီးဌာနရုံးနှင့် လယ်ယာမြေတည်ရှိရာ ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးများတွင် ကပ်ထားရမည်။
  - ကြော်ငြာစာတွင် ကြေညာသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ကန့်ကွက်နိုင် ကြောင်း ဖော်ပြရမည်။

- လယ်ယာမြေလုပ်ပိုင်ခွင့်စစ်ဆေးချက် (ပုံစံ ၄) တွင်ဖြည့်စွက်ခြင်း။ (နည်းဥပဒေ- ၇(ခ))
(ကြေညာထားသည့် ရက်ပေါင်း ၃၀ ကာလအတွင်း)
  - လျှောက်ထားသူသည် အသက် ၁၈ နှစ် ပြည့်ပြီးသူ ဟုတ် မဟုတ်၊
  - လျှောက်ထားသူသည် နိုင်ငံသား ဟုတ် မဟုတ်၊
  - လယ်ယာမြေဥပဒေပုဒ်မ ၆ ပါ အချက်များ နှင့် ညီညွတ်ခြင်း ရှိ မရှိ၊
  - လယ်ယာမြေဥပဒေ အာဏာမတည်မီ လယ်ယာမြေနှင့် သက်ဆိုင်သော တည်ဆဲ ဥပဒေနှင့်အညီတရားဝင် လက်ရှိလက်ငုတ်လုပ်ကိုင်နေသူဖြစ်ပါက ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုလယ်ယာမြေစီမံ ခန့်ခွဲမှုအဖွဲ့၏ စိစစ် ထောက်ခံချက် ပါ မပါ၊
  - လျှောက်လွှာတွင် ဖော်ပြထားသော ကွင်းအမှတ်၊ ဦးပိုင်အမှတ်၊ ဧရိယာနှင့် မြေအမျိုးအစားတို့သည် မြို့နယ်ဦးစီးဌာနရုံး၏ စာရင်းမြေပုံနှင့် ကိုက်ညီမှု ရှိ မရှိ၊
  - ဦးပိုင်အမှတ်နှင့် ဧရိယာတို့ ကိုက်ညီမှုမရှိကြောင်း တွေ့ရှိရလျှင် မြေပြင်တွင်အမှန် တည်ရှိသည့် အချက်များကို လျှောက်ထားသူ၊ နယ်နိမိတ်ဆက်စပ်နေသည့်တောင်သူ လယ်သမားများ၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့နှင့်အတူ ကွင်းဆင်း စစ်ဆေးတိုင်းတာ၍ အတည်ပြုခြင်း။


- ➢ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ထုတ်ပေးခြင်း (ပုဒ်မ-၆)
  - ❖ လူပုဂ္ဂိုလ်ဖြစ်ပါက -
    - တောင်သူလယ်သမားအိမ်ထောင်စု သို့မဟုတ် အိမ်ထောင်သားစုဝင် အိမ်ထောင်သားစုအကြီးအကဲ သို့မဟုတ် အိမ်ထောင်သားစုတွင် ပါဝင်သူ တစ်ဦး သို့မဟုတ် အုပ်ထိန်းသူသည် ဥပဒေအာဏာ မတည်မီ တရားဝင် လက်ရှိလက်ငုတ် လုပ်ကိုင်နေသူ၊
    - ဥပဒေပြဋ္ဌာန်းပြီးနောက် တရားဝင်အကျိုးခံစားခွင့်ရှိသူ၊
    - အသက် ၁၈ နှစ်ပြည့်ပြီးသူ၊
    - နိုင်ငံသား၊ ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူ၊
  - ❖ အဖွဲ့အစည်းဖြစ်ပါက -
    - အစိုးရဌာန၊ အစိုးရအဖွဲ့အစည်၊ အစိုးရမဟုတ်သော အဖွဲ့အစည်း၊ ကုမ္ပဏီ သို့မဟုတ် အသင်းအဖွဲ့ ။

- တစ်ဦးထက်ပိုသူတို့က လျှောက်ထားလာပါက မြို့နယ်ဦးစီးဌာနရုံးသည် - (နည်းဥပဒေ - ၈)
  - လယ်ယာမြေလုပ်ပိုင်ခွင့် လုပ်ငန်းစာတွဲဖွင့်လှစ်ခြင်း။
  - လယ်ယာမြေလုပ်ပိုင်ခွင့်လျှောက်လွှာမှတ်ပုံတင်စာရင်း(ပုံစံ၃)တွင်ရေးသွင်းခြင်း။
  - လျှောက်လွှာလက်ခံရရှိသည့်နေ့မှ ၁၅ ရက်အတွင်း (ပုံစံ ၂)ဖြင့် ကြေညာခြင်း။
  - ကြော်ငြာစာကို မြို့နယ်ဦးစီးဌာနရုံးနှင့် လယ်ယာမြေတည်ရှိရာ ရပ်ကွက်/ ကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူးရုံးများတွင် ကပ်ထားရမည်။
  - ကြော်ငြာစာတွင် ကြေညာသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ကန့်ကွက် နိုင်ကြောင်း ဖော်ပြရမည်။
  - အထောက်အထားခိုင်လုံမှု ရှိ မရှိ ။
  - လက်ငုတ်ပြတ်တောက်ခဲ့ပါက လုံလောက်သော အကြောင်းပြချက်ရှိ မရှိ။
  - တောင်သူလယ်သမားတစ်ဦးချင်းစီ၏ လုပ်ခွင့်ရစာရင်းတွင် ပါဝင်ခြင်းရှိ မရှိ။
  - မမှန်မကန် လိမ်လည်လျှောက်ထားခြင်း ရှိ မရှိ။

- ကန့်ကွက်ချက် တစ်စုံတစ်ရာ ရရှိပါက - (နည်းဥပဒေ- ၉)
  - မြို့နယ်ဦးစီးဌာနရုံးသည် သာမန်အားဖြင့် ခုနှစ်ရက်အတွင်း ရပ်ကွက်/ ကျေးရွာ အုပ်စုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ ကန့်ကွက်ချက် အပါအဝင် သက်ဆိုင်သည့် စာတမ်းအမှတ်အသားများပေးပို့၍ စုံစမ်း စစ်ဆေးတင်ပြစေရန် အကြောင်းကြားရမည်။
  - ရပ်ကွက်/ ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် သာမန်အားဖြင့် ခုနှစ်ရက်အတွင်း စုံစမ်းစစ်ဆေး တွေ့ရှိချက်ကို မြို့နယ်ဦးစီးဌာနရုံးသို့ တင်ပြရမည်။

- ထိုသို့ ပြည့်စုံစွာ စိစစ်ဆောင်ရွက်ပြီးပါက -
  - မြို့နယ်ဦးစီးဌာနရုံးသည် ရက်ပေါင်း ၃၀ အတွင်း လုပ်ငန်းစာတွဲကို သဘောထားမှတ်ချက်ဖြင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ထံတင်ပြရမည်။ (နည်းဥပဒေ- ၁၀)
  - မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် ခုနစ်ရက်အတွင်း သဘောထားမှတ်ချက်ဖြင့် ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ထံ တင်ပြရမည်။ (နည်းဥပဒေ -၁၁)
  - ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် ၁၅ ရက်အတွင်း ခွင့်ပြုကြောင်း သို့မဟုတ် ငြင်းပယ်ကြောင်းကို မြို့နယ်ဦးစီးဌာနရုံးထံ အကြောင်းကြားရမည်။ (နည်းဥပဒေ-၁၂)
  - မြို့နယ်ဦးစီးဌာနရုံးသည်ခွင့်ပြုပါက မှတ်ပုံတင်ကြေးပေးသွင်းစေပြီး (ပုံစံ ၅)တွင် မှတ်တမ်းတင် ခြင်း၊ ငြင်းပယ်ပါက(ပုံစံ၆)တွင် မှတ်တမ်းတင်ခြင်းတို့ကို ဆောင်ရွက်၍ မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ထံ တင်ပြရမည်။ (နည်းဥပဒေ-၁၃)
  - မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် (ပုံစံ ၇) သို့မဟုတ် (ပုံစံ ၈) ကို လျှောက်ထားသူထံသို့ ပေးပို့ရမည်။ (နည်းဥပဒေ -၁၄)

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇) လျှောက်ထားမှု လုပ်ငန်းစဉ် အဆင့်ဆင့်




ရပ်/ကျေး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့လျှောက်လွှာရရှိချိန်မှ လယ်ယာမြေ လုပ်ပိုင်ခွင့် ပြုလက်မှတ် ထုတ်ပေးသည်အထိ

-ကန့်ကွက်မှု မရှိလျှင် စုစုပေါင်း ကြာချိန် (၁၁၁) ရက်

-ကန့်ကွက်မှု ရှိလျှင် စုစုပေါင်း ကြာချိန် (၁၅၅) ရက်

# လယ်ယာမြေ လုပ်ပိုင်ခွင့် ရရှိသူ အခွင့်အရေးများ

## လယ်ယာမြေ လုပ်ပိုင်ခွင့်ရရှိသူ၏ အခွင့်အရေးများ

၉။ လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူသည် အောက်ပါအခွင့်အရေးများကို ရရှိစေရမည်-

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊


(ခ) လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့် စပ်လျဉ်း၍ အငြင်းပွားမှု ပေါ်ပေါက်လာပါက တည်ဆဲ ဥပဒေနှင့်အညီ သက်ဆိုင်ရာ တရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊

(ဃ) သတ်မှတ်သည့် စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်း မရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊

(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ သို့မဟုတ် အစိုးရ အသိအမှတ် ပြုထားသည့်အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့်လည်းကောင်း၊ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူများနှင့်လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊

(စ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားပါဝင်သော အဖွဲ့အစည်းနှင့် ပူးပေါင်း၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။




ပုံ မူရင်း- FSWG Farmer Extension Notes

# လယ်ယာမြေ လုပ်ပိုင်ခွင့် ရရှိသူ လိုက်နာရမည့် စည်းကမ်းချက်များ

- လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူသည် အောက်ပါစည်းကမ်းချက်များကို လိုက်နာရမည် - (ပုဒ်မ- ၁၂)
  - ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း လယ်ယာမြေကို လုပ်ကိုင်ရမည်။
  - လယ်ယာမြေနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ စည်းကြပ်သော မြေခွန်နှင့် အခြားအခွန်အခများကို ပေးဆောင်ရမည်။
  - လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း နှင့် လယ်ယာမြေ တန်ဖိုးနှင့်အညီ တည်ဆဲဥပဒေအရ သတ်မှတ်သော တံဆိပ်ခေါင်းခွန်နှင့် ဦးစီးဌာနက သတ်မှတ်သည့် စာချုပ်စာတမ်း မှတ်ပုံတင်ခတို့ကို ပေးဆောင်၍ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။
  - တည်ဆဲဥပဒေနှင့်အညီ အမွေဆက်ခံခြင်းဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ကိုရရှိသည့်အခါ သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင် ရမည်။
  - စိုက်ပျိုးထုတ်လုပ်မှုအရင်းအနှီးအတွက်သာ လယ်ယာမြေလုပ်ပိုင်ခွင့်ကို ပေါင်နှံခွင့်ရှိပြီး အစိုးရဘဏ် သို့မဟုတ် အစိုးရက အသိအမှတ်ပြုသော ဘဏ်တွင်သာ ပေါင်နှံရမည်။
  - လယ်ယာမြေကို ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်း သုံးစွဲခြင်းမပြုရ။
  - လယ်ယာမြေကို ရာသီသီးနှံအမျိုးအစားမှ အခြားသီးနှံအမျိုးအစားသို့ ခွင့်ပြုချက် မရှိဘဲ ပြောင်းလဲ စိုက်ပျိုးခြင်း မပြုရ။

- ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ လယ်ယာမြေကို လုပ်ထားခြင်းမပြုရ။ သို့ရာတွင် လယ်ယာ မြေကို လုပ်ထားရန် အကြောင်းတစ်စုံတစ်ရာ ပေါ်ပေါက်ပါက မြေတည်ရှိရာ ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်စုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှတဆင့် မြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြရ မည်။ ယင်းသို့လုပ်ထားခြင်းသည်လည်း ရွှေ့ပြောင်းတောင်ယာ မြေမှအပ (၂)နှစ် ဆက်တိုက်ထက် မပိုစေရ။
- လယ်ယာမြေလုပ်ပိုင်ခွင့် မရမီကာလအတွင်း သို့မဟုတ် လယ်ယာမြေလုပ်ပိုင်ခွင့်နှင့် စပ်လျဉ်း၍ အငြင်းပွားမှု ဖြစ်ပေါ်နေသောကာလအတွင်း လယ်ယာမြေကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် ပေးကမ်းခြင်း မပြုရ။ (ပုဒ်မ-၁၂)

➢ လယ်ယာမြေနှင့်စပ်လျဉ်း၍ သက်ဆိုင်သူမည်သူမဆို သက်ဆိုင်ရာလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့် က ဥပဒေနှင့်အညီ ချမှတ်သောအမိန့်ကို လိုက်နာရမည်။ (ပုဒ်မ-၁၃)

➢ မည်သူမဆို လယ်ယာမြေလုပ်ပိုင်ခွင့်အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ ပြည်ထောင်စုအစိုးရ အဖွဲ့၏ ခွင့်ပြုချက်မရရှိဘဲ မည်သည့်နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသား ပါဝင်သည့် အဖွဲ့အစည်း ကိုမျှ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် ပေးကမ်းခြင်း မပြုရ။ (ပုဒ်မ-၁၄)

## လယ်ယာမြေနှင့်စပ်လျဉ်း၍ စည်းကမ်းချက်များကို လိုက်နာရန် ပျက်ကွက်၍ အရေးယူခြင်း၊ တရားစွဲဆိုခြင်းနှင့် ပြစ်ဒဏ်ချမှတ်ခြင်း

- လယ်ယာမြေဥပဒေပုဒ်မ- ၁၂ ပါ စည်းကမ်းချက်အားလုံးကိုဖြစ်စေ၊ စည်းကမ်းချက် တစ်ရပ်ရပ်ကိုဖြစ်စေ လိုက်နာရန်ပျက်ကွက်လျှင် **သက်ဆိုင်ရာ**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် ဤဥပဒေနှင့် ဤဥပဒေ အရ ထုတ်ပြန်သော နည်းဥပဒေများနှင့်အညီ စုံစမ်းစစ်ဆေးပြီးနောက် အောက်ဖော်ပြပါ အမိန့်တစ်ရပ်ရပ် ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည်- (ပုဒ်မ-၁၉)
  - သတ်မှတ်သည့် ဒဏ်ကြေးငွေပေးဆောင်စေခြင်း၊
  - သတ်မှတ်သည့် နည်းလမ်းအတိုင်း လယ်ယာမြေကို ဆောင်ရွက်စေခြင်း၊
  - လယ်ယာမြေပေါ်မှ နှင်ထုတ်ထိုက်သူများကို နှင်ထုတ်ခြင်း၊
  - လယ်ယာမြေပေါ်တွင် ခွင့်ပြုချက်မရှိဘဲ ဆောက်လုပ်ထားသော အဆောက်အဦများကို ဖယ်ရှားခြင်း။

- ပုဒ်မ ၁၉ အရချမှတ်သည့် အမိန့်ကိုလိုက်နာခြင်းမရှိသော မည်သည့်လယ်ယာ မြေလုပ်ပိုင်ခွင့် ရရှိသူကိုမဆို ယင်းအမိန့်ပါသတ်မှတ်ရက်ကျော်လွန်ပါက မြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ကသော် လည်းကောင်း၊ ယင်းအဖွဲ့ကတာဝန်ပေးအပ် သော ပုဂ္ဂိုလ်ကသော်လည်းကောင်း၊ သက်ဆိုင်ရာ တရားရုံးတွင် ဦးတိုက် လျှောက်ထား တရားစွဲဆိုနိုင်သည်။ (ပုဒ်မ-၂၀(က))
- ပုဒ်မ ၁၃ အရ ချမှတ်သည့်အမိန့်ကို လိုက်နာခြင်းမရှိသောမည်သူမဆို ယင်းအမိန့်ပါ သတ်မှတ်ရက် ကျော်လွန်ပါက သက်ဆိုင်ရာလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ကသော်လည်းကောင်း၊ ယင်းအဖွဲ့က တာဝန်ပေးအပ်သော ပုဂ္ဂိုလ်က သော်လည်းကောင်း၊ သက်ဆိုင်ရာတရားရုံးတွင် ဦးတိုက် လျှောက်ထား တရား စွဲဆိုနိုင်သည်။ (ပုဒ်မ-၂၀(ခ))

- မည်သူမဆို ပုဒ်မ ၁၉ အရ ချမှတ်သော အမိန့်ကိုဖြစ်စေ၊ ဤဥပဒေအရ လယ်ယာမြေလုပ်ပိုင်ခွင့် အငြင်းပွားမှုတွင် ချမှတ်သောအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကိုဖြစ်စေ၊ လိုက်နာရန်ပျက်ကွက်ကြောင်း၊ ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို အနည်းဆုံး ခြောက်လမှ အများဆုံး နှစ်နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး သုံးသိန်းမှ အများဆုံး ကျပ်ငါးသိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ (ပုဒ်မ- ၃၅)
- ပုဒ်မ ၁၉ အရ ချမှတ်သောအမိန့်ကို လိုက်နာရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူသည် ယခင်က အလားတူပြစ်မှုဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထပ်မံကျူးလွန်သော ပြစ်မှုအတွက် ပုဒ်မ ၃၅ ပါ အများဆုံး ထောင်ဒဏ်ချမှတ်ခြင်းခံရမည်။ (ပုဒ်မ- ၃၆)
- မည်သည့်လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူမဆို ပုဒ်မ ၁၄ ပါ တားမြစ်ချက်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်း ခံရလျှင် ထိုသူကို အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ် အထိ ထောင်ဒဏ် ချမှတ်ရမည့်ပြင် ကျပ် ၁၀ သိန်းအောက် မနည်းသည့် ငွေဒဏ်ကိုလည်း ချမှတ်ရမည်။ ထို့ပြင် ပြစ်မှုနှင့် သက်ဆိုင်သော ငွေနှင့်ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။ (ပုဒ်မ- ၃၇)

- မည်သူမဆို ဤဥပဒေအရ လယ်ယာမြေလုပ်ပိုင်ခွင့်မရရှိဘဲ လယ်ယာမြေကို ကျူးကျော်လုပ်ကိုင်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင်သော်လည်းကောင်း၊ အခြားသူတစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်း တစ်ခုခုက ဤဥပဒေနှင့်အညီ တရားဝင်လုပ်ကိုင်ခွင့်ရရှိထားသည့် လယ်ယာမြေအပေါ် ကျူးကျော်လုပ်ကိုင်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် သော်လည်းကောင်း ထိုသူကို အနည်းဆုံး ခြောက်လမှ အများဆုံး နှစ်နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သုံးသိန်းမှ အများဆုံး ကျပ်ငါးသိန်းအထိ ငွေဒဏ်ဖြစ်စေ ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။ (ပုဒ်မ- ၃၇ (က))
- ပုဒ်မ ၃၇ နှင့် ပုဒ်မ ၃၇-က တို့ အရ တရားစွဲဆိုသော ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့် ရှိသော ပြစ်မှုများ အဖြစ် သတ်မှတ်သည်။ (ပုဒ်မ- ၄၀)

# စည်းကမ်းမလိုက်နာသူများအား အရေးယူဆောင်ရွက်ခြင်း

| စဉ် | လိုက်နာရမည့် စည်းကမ်းချက်များ | တရားလိုပြုလုပ်ရမည့်ပုဂ္ဂိုလ်/<br>ရည်ညွှန်းဥပဒေပုဒ်မ | ချမှတ်နိုင်သော အနိမ့်ဆုံးနှင့်<br>အမြင့်ဆုံး ပြစ်ဒဏ်များ |
|---|---|---|---|
| ၁။ | လယ်ယာလုပ်ပိုင်ခွင့်ရရှိသူများ<br>လိုက်နာရမည့် စည်းကမ်းချက် (၉) ချက်<br>လယ်ယာမြေဥပဒေပုဒ်မ- ၁၂ | မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က<br>ချမှတ်ရမည့် အမိန့် (၄) ရပ်<br>လယ်ယာမြေဥပဒေပုဒ်မ- ၁၉<br><br>မြို့နယ်လယ်/စီအဖွဲ့ → တရားရုံး<br>လယ်ယာမြေဥပဒေပုဒ်မ-၂၀(က) | ထောင်ဒဏ် (၆) လ မှ (၂) နှစ် (သို့)<br>ငွေဒဏ်(သုံးသိန်း) မှ (ငါးသိန်း) (သို့)<br>ဒဏ်နှစ်ရပ်လုံး<br>လယ်ယာမြေဥပဒေပုဒ်မ- ၃၅<br><br>ပုဒ်မ ၃၅ ပါ အများဆုံး ပြစ်ဒဏ်<br>လယ်ယာမြေဥပဒေပုဒ်မ- ၃၆ |
| ၂။ | လယ်ယာမြေနှင့်သက်ဆိုင်သူ မည်သူမဆို<br>သက်ဆိုင်ရာ လယ်/စီအဖွဲ့အဆင့်ဆင့်က<br>ဥပဒေနှင့် အညီ ချမှတ်သောအမိန့်ကို<br>လိုက်နာရန်။<br>လယ်ယာမြေဥပဒေပုဒ်မ-၁၃ | မြို့နယ်လယ်/စီအဖွဲ့ → တရားရုံး<br>လယ်ယာမြေဥပဒေပုဒ်မ-၂၀ (ခ) | ထောင်ဒဏ် (၆) လ မှ (၂) နှစ် (သို့)<br>ငွေဒဏ်(သုံးသိန်း) မှ (ငါးသိန်း) (သို့)<br>ဒဏ်နှစ်ရပ်လုံး<br>လယ်ယာမြေဥပဒေပုဒ်မ- ၃၇ (က) |
| ၃။ | မည်သည့်နိုင်ငံခြား (သို့) နိုင်ငံခြားသား<br>ပါဝင်သည့် အဖွဲ့အစည်းကိုမျှ<br>ရောင်း/ပေါင်/ ငှား/ လဲ/ပေးခြင်း မပြုရ။<br>လယ်ယာမြေဥပဒေပုဒ်မ-၁၄ | မြို့နယ်လယ်/စီအဖွဲ့ → ရဲတပ်ဖွဲ့<br>မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏<br>တာဝန်နှင့် လုပ်ပိုင်ခွင့်များ အပိုဒ်ခွဲ(၂၀) | ထောင်ဒဏ် (၁) နှစ် မှ (၃) နှစ် (သို့)<br>ငွေဒဏ်(၁၀သိန်း) အောက်မနည်း<br>(သို့) ဒဏ်နှစ်ရပ်လုံး<br>လယ်ယာမြေဥပဒေပုဒ်မ- ၃၇ |

ပုဒ်မ ၃၇ နှင့် ပုဒ်မ ၃၇-က တို့ အရ တရားစွဲဆိုသော ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။ **(ပုဒ်မ- ၄၀)**


# နစ်နာကြေး နှင့် လျော်ကြေးများ

- နိုင်ငံတော်အကျိုးငှာဖြစ်စေ၊ အများပြည်သူအကျိုးငှာဖြစ်စေ သိမ်းယူသည့် လယ်ယာမြေနှင့် ယင်းလယ်ယာမြေပေါ်၌ အဆောက်အဦဖြင့် တိုးတက်ကောင်းမွန်စေရန် ပြုပြင်ခြင်း အပါအဝင် မူလ လယ်ယာမြေလုပ်ပိုင်ခွင့် ရရှိထားသူ ဆောင်ရွက်ထားသည့် ကိစ္စရပ်များအတွက် နစ်နာမှုမရှိစေရန် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့သည် သက်ဆိုင်ရာ တည်ဆဲဥပဒေနှင့်အညီ ဆောင်ရွက်ရမည်။ (ပုဒ်မ - ၂၆)

- မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် သီးနှံနှင့် အဆောက်အဦအတွက် နစ်နာကြေးနှင့် မြေ အတွက် လျော်ကြေးပမာဏကို နစ်နာကြေးနှင့်လျော်ကြေးပေးဆောင်ရန် တွက်ချက်မှု (ပုံစံ ၁၂)ဖြင့် တွက်ချက်၍ တင်ပြရမည်။ (နည်းဥပဒေ-၆၇)

- သီးနှံ - သုံးဆ / အဆောက်အဦ - နှစ်ဆ / မြေ - ကာလတန်ဖိုး ။

# နစ်နာကြေးနှင့်လျော်ကြေးများ




ဥပဒေ ပုဒ်မ - ၂၆

နည်းဥပဒေ အပိုဒ် - ၆၄ , ၆၆ , ၆၇ , ၆၈ တို့အရ

## နစ်နာကြေး

### သီးနှံ

- သီးနှံနှင့်ရာသီသီးနှံ တစ်ကေပျမ်းမျှ အထွက်နှုန်း အခြေခံ၍ ကာလပေါက်ဈေးဖြင့် တန်ဘိုးသုံးဆ
- နစ်ရှည်ပင်လက်ရှိ အပင်တန်ဘိုး အခြေခံလျက်ကာလပေါက်ဈေး ၏ သုံးဆ

### အဆောက်အအုံ

အဆောက်အအုံ ဖြင့် တိုးတက်ကောင်းမွန်စေရန် ပြုပြင်ခြင်း အပါအဝင် ဆောင်ရွက်ချက်များ အတွက် ဒေသပေါက်ဈေးနှစ်ဆ

## လျော်ကြေး

### မြေ

- ငွေကြေးအကျိုးအမြတ် ဖြစ်ထွန်းမှု မရှိသော ကိစ္စရပ်များတွက်ဖြစ်လျှင် ဒေသ ပေါက်ဈေး
- ငွေကြေးအကျိုးအမြတ် ဖြစ်ထွန်းမှု ရှိသော စီးပွားရေးလုပ်ငန်းများ အတွက်ဖြစ်လျှင် ကာလပေါက်ဈေးအောက် မနိမ့်သော ငွေကြေးပမာဏ

❖ ကျေနပ်မှုမရှိ၍ တိုင်ကြားမှုများပေါ်ပေါက်လာလျှင် တိုင်းဒေသကြီး/ပြည်နယ်၊ နေပြည်တော် လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့က ပြီးပြတ်အောင် စိစစ်ဆုံးဖြတ်ပေးရမည်။

❖ လိုအပ်ချက်ရှိပါက ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် လိုအပ်သလို ပေါင်းစပ်ကြီးကြပ်ပေးရမည်။

❖ နစ်နာကြေးလျော်ကြေးများကို သက်ဆိုင်ရာမှ နှောင့်နှေးကြန့်ကြာမှု မရှိစေရန် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ လိုအပ်သလို ညှိနှိုင်းဆောင်ရွက်ပေးရမည်။

# နစ်နာကြေးနှင့်လျော်ကြေးများ




ပုံ မူရင်း- FSWG Farmer Extension Notes


# အမွေဆက်ခံသော လယ်ယာမြေ

# အမွေဆက်ခံသော လယ်ယာမြေ

- လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူသည် တည်ဆဲဥပဒေနှင့်အညီ အမွေဆက်ခံခြင်းဖြင့် လယ်ယာမြေ လုပ်ပိုင်ခွင့်ကို ရရှိသည့်အခါ သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံ တင်ရမည်။ (ပုဒ်မ -၁၂ (ဃ))
- လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံသူသည် အမွေဆက်ခံခွင့်ရှိကြောင်း အထောက်အထားနှင့် အတူ (ပုံစံ ၇) မူရင်းပူးတွဲ၍ လျှောက်လွှာ (ပုံစံ ၉) ဖြင့် မြို့နယ်ဦးစီးဌာနရုံးသို့ လျှောက်ထားရမည်။ (နည်းဥပဒေ - ၂၉)
- မြို့နယ်ဦးစီးဌာနရုံးသည် ၁၅ ရက်အတွင်း (ပုံစံ ၂-က) ဖြင့် ကန့်ကွက်လွှာခေါ်ယူခြင်း၊ မြို့နယ်ဦးစီးဌာနရုံးနှင့် လယ်ယာမြေတည်ရှိရာ ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးတွင် ကပ်ထားခြင်း၊ ကန့်ကွက်လွှာတွင် ရက်ပေါင်း ၃၀ အတွင်း ကန့်ကွက်နိုင်ကြောင်း ဖော်ပြခြင်းတို့ကို ဆောင်ရွက်ရမည်။ (နည်းဥပဒေ- ၃၀)
- ကန့်ကွက်ချက်တစ်စုံတစ်ရာရှိလျှင် မြို့နယ်ဦးစီးဌာနရုံးသည် ခိုင်လုံသော အထောက်အထားဖြင့် ကန့်ကွက်ခြင်း ဖြစ်ပါက ငြင်းပယ်သင့်ကြောင်း သဘောထားမှတ်ချက်ဖြင့်လည်းကောင်း၊ ခိုင်လုံမှု မရှိသော ကန့်ကွက်ချက် ဖြစ်ပါက ခွင့်ပြုသင့်ကြောင်း သဘောထားမှတ်ချက်ဖြင့်လည်းကောင်း မြို့နယ် လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြရမည်။ (နည်းဥပဒေ - ၃၁ (က))

- ကန့်ကွက်ချက်တစ်စုံတစ်ရာမရှိလျှင် မြို့နယ်ဦးစီးဌာနရုံးသည် လယ်ယာမြေ လုပ်ပိုင်ခွင့်ရရှိသူ အမည်ပြောင်းလဲပေးရန် လျှောက်ထားချက်ကို ခွင့်ပြုသင့်ကြောင်း သဘောထားမှတ်ချက်ဖြင့် လုပ်ငန်းစာတွဲကို မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြရမည်။ (နည်းဥပဒေ- ၃၁ (ခ))
- မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် ၁၅ ရက်အတွင်း ခွင့်ပြုကြောင်း သို့မဟုတ် ငြင်းပယ် ကြောင်းကို မြို့နယ်ဦးစီးဌာနရုံးသို့ အကြောင်းကြားရမည်။ (နည်းဥပဒေ-၃၂)
- ခွင့်ပြုပါက မြို့နယ်ဦးစီးဌာနရုံးသည် ၁၅ ရက်အတွင်း မှတ်ပုံတင်ကြေး ပေးသွင်းစေခြင်း၊ (ပုံစံ ၅) ဖြည့်သွင်းခြင်းတို့ကို ဆောင်ရွက်ပြီး ခုနစ်ရက်အတွင်း မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ထံသို့ ပေးပို့ရမည်။ (နည်းဥပဒေ- ၃၃ (က))
- ငြင်းပယ်ပါက မြို့နယ်ဦးစီးဌာနရုံးသည် (ပုံစံ ၆)တွင် မှတ်တမ်းတင်ခြင်းတို့ကို ဆောင်ရွက်ပြီး ခုနစ်ရက်အတွင်း မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ထံသို့ ပေးပို့ ရမည်။ (နည်းဥပဒေ- ၃၃ (ခ))
- မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ ၇) ထုတ်ပေးခြင်း၊ ငြင်းပယ်ကြောင်း အကြောင်းကြားစာ (ပုံစံ ၈) ထုတ်ပေးခြင်းတို့ကို ဆောင်ရွက်ပြီး ထိုသို့ ဆောင်ရွက်ပြီးကြောင်းကို ခရိုင်လယ်ယာမြေ စီမံခန့်ခွဲမှုထံ တင်ပြရမည်။ (နည်းဥပဒေ- ၃၄)

## အမွေဆက်ခံခြင်းလုပ်ငန်းစဉ်များ



# လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်းနှင့် ပေးကမ်းခြင်း

- လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရောင်းချခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် ပေးကမ်းခြင်းဖြင့် လွှဲပြောင်းလျှင် လွှဲပြောင်းပေးသူနှင့် လွှဲပြောင်းလက်ခံသူတို့သည် လယ်ယာမြေတည်ရှိသည့် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့ရှေ့မှောက်တွင် တံဆိပ်ခေါင်းခွန် ထမ်းဆောင်၍ စာချုပ်ချုပ်ဆိုရမည်။ (နည်းဥပဒေ- ၂၄ (က))
- လယ်ယာမြေလုပ်ပိုင်ခွင့် ရရှိသူသည်လယ်ယာမြေ လုပ်ပိုင်ခွင့်ကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်းနှင့်ပေးကမ်းခြင်းတို့ကို ဆောင်ရွက်သည့်အခါ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က သတ်မှတ်သည့် လယ်ယာမြေတန်ဖိုးနှင့်အညီ တည်ဆဲဥပဒေအရ သတ်မှတ်သော တံဆိပ်ခေါင်းခွန်နှင့် ဦးစီးဌာနက သတ်မှတ်သည့် စာချုပ်စာတမ်း မှတ်ပုံတင်ခတို့ကို ပေးဆောင်၍ သက်ဆိုင်ရာမြို့နယ် ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။ (ပုဒ်မ ၁၂ (ဂ))
- နည်းဥပဒေခွဲ(က)အရ ချုပ်ဆိုသောစာချုပ်ကို စာချုပ်ချုပ်ဆို သည့်နေ့မှ ရက်ပေါင်း (၁၂၀)အတွင်း သက်ဆိုင်ရာ မြို့နယ် ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။ (နည်းဥပဒေ-၂၄ (ခ))
- လယ်ယာမြေလုပ်ပိုင်ခွင့်ကို ပေါင်နှံခြင်းပြုရာတွင် -
  - လယ်ယာမြေ လုပ်ပိုင်ခွင့်ရရှိသူသည် ယင်း၏ လယ်ယာမြေပေါ်၌ စိုက်ပျိုးထုတ်လုပ်နိုင်ရန် အရင်းအနှီး ရရှိရေး အတွက်သာ ပေါင်နှံရမည်။
  - အစိုးရဘဏ် သို့မဟုတ် ဤကိစ္စအလို့ငှာ အစိုးရကသတ်မှတ်သော ဘဏ်တစ်ခုခု၌သာ လယ်ယာမြေ လုပ်ပိုင်ခွင့် ရရှိသူက လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ်မူရင်းကို ပေးအပ်၍ ပေါင်နှံရမည်။

- ပေါင်နှံသူနှင့် ပေါင်နှံခြင်းကို လက်ခံသည့်ဘဏ်မှ တာဝန်ရှိသူတို့သည် လယ်ယာမြေတည်ရှိသော သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ရှေ့မှောက်၌ တံဆိပ်ခေါင်းခွန် ထမ်းဆောင်၍ လယ်ယာမြေလုပ်ပိုင်ခွင့် ပေါင်နှံသည့်စာချုပ်ကို ချုပ်ဆို ရမည်။
- နည်းဥပဒေခွဲ(ဃ)အရ ချုပ်ဆိုသောစာချုပ်၌ ရွေးနုတ်ရမည့် ကာလကိုသတ်မှတ်ဖော်ပြရမည်။
- နည်းဥပဒေခွဲ(င)အရ ချုပ်ဆိုသောစာချုပ်ကို စာချုပ်ချုပ်ဆိုသည့်နေ့မှ ရက်ပေါင်း(၁၂၀)အတွင်း သက်ဆိုင်ရာ မြို့နယ် ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။ (နည်းဥပဒေ- ၄၈)

➢ လယ်ယာမြေလုပ်ပိုင်ခွင့်ကို ငှားရမ်းခြင်းပြုလုပ်ရာတွင် -

- ငှားရမ်းခြင်းပြုသော လယ်ယာမြေကို စိုက်ပျိုးရေး လုပ်ငန်း အတွက်သာ အသုံးပြုရမည်။
- ငှားရမ်းသူနှင့် ငှားယူသူတို့သည် လယ်ယာမြေတည်ရှိသည့် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ရှေ့မှောက်၌ တံဆိပ်ခေါင်းခွန်ထမ်းဆောင်၍ လယ်ယာမြေ လုပ်ပိုင်ခွင့် ငှားရမ်းသည့် စာချုပ်ကို ချုပ်ဆိုရမည်။
- နည်းဥပဒေခွဲ (ဂ) အရ ချုပ်ဆိုသောစာချုပ်၌ ငှားရမ်းသည့် ကာလကို သတ်မှတ် ဖော်ပြရမည်။
- နည်းဥပဒေခွဲ(ဃ) အရ ချုပ်ဆိုသောစာချုပ်ကို စာချုပ်ချုပ်ဆိုသည့်နေ့မှ ရက်ပေါင်း (၁၂၀) အတွင်း သက်ဆိုင်ရာ မြို့နယ် ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။ (နည်းဥပဒေ- ၄၇)

## လယ်ယာမြေ လုပ်ပိုင်ခွင့် ရောင်း၊ ပေါင်၊ ငှား၊ လဲ၊ ပေး ညွှန်ကြားချက်များ

- ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ (၁၆.၅.၂၀၁၉) ရက်စွဲပါစာအမှတ်၊ ၁၂/ လယ-၂၁ / (၃၁၆/ ၂၀၁၉)ဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်းနှင့် ပေးကမ်းခြင်း ကိစ္စရပ်များအတွက် လယ်ယာမြေတန်ဖိုး သတ်မှတ်ရန် သက်ဆိုင်ရာ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အား ခန့်အပ်တာဝန်ပေးအပ်ခြင်း၊ (၂/၂၀၁၉)
- ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ (၁၆.၅.၂၀၁၉) ရက်စွဲပါစာအမှတ်၊ ၁၂/ လယ-၂၁ / (၃၁၇/ ၂၀၁၉)ဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရောင်းချခြင်း၊ လဲလှယ်ခြင်း၊ ပေးကမ်း ခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်းတို့နှင့် ပတ်သက်၍ လိုက်နာဆောင်ရွက်ရန် လုပ်ငန်း စဉ်များ ညွှန်ကြားခြင်း၊ (၃/၂၀၁၉)
- ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ (၁၆.၅.၂၀၁၉) ရက်စွဲပါစာအမှတ်၊၁၂/လယ-၂၁ /(၃၁၈/ ၂၀၁၉)ဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရောင်းချခြင်း၊ လဲလှယ်ခြင်း၊ ပေးကမ်းခြင်း၊ ပေါင်နှံခြင်းတို့ဖြင့် လုပ်ပိုင်ခွင့်ရရှိသူအမည် ပြောင်းလဲခြင်းနှင့် ပတ်သက်၍ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များညွှန်ကြားခြင်း။ ညွှန်ကြားချက်အမှတ် (၄/၂၀၁၉)

- လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရောင်းချခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် ပေးကမ်းခြင်းဖြင့် လက်ခံရရှိ သူသည် -
  - လယ်ယာမြေလုပ်ပိုင်ခွင့် ရရှိသူအမည် ပြောင်းလဲပေးရေးအတွက် လျှောက်လွှာကို လယ်ယာမြေ လုပ်ပိုင်ခွင့်ရရှိသူ အမည်ပြောင်းလဲပေးရန် လျှောက်လွှာ (ပုံစံ ၉) ပါအတိုင်း ရေးသားဖော်ပြ၍ မြို့နယ်ဦးစီးဌာနရုံးသို့ လျှောက်ထား ရမည်။
  - နည်းဥပဒေခွဲ(က) အရလျှောက်ထားရာတွင် မူလလယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ်မူရင်းနှင့် မှတ်ပုံတင် စာချုပ်တို့ကို ပူးတွဲတင်ပြရမည်။ (နည်းဥပဒေ-၂၅)

- မြို့နယ်ဦးစီးဌာနရုံးသည် နည်းဥပဒေ ၂၅ အရ လျှောက်ထားချက်အတွက် လယ်ယာမြေလုပ်ပိုင်ခွင့် လုပ်ငန်းစာတွဲ ဖွင့်လှစ်၍ စုံစမ်းစစ်ဆေးပြီး ယင်း လျှောက်ထားချက် လက်ခံရရှိသည့်နေ့မှ သာမန်အားဖြင့် (၇)ရက် (ခုနစ်ရက်) အတွင်း လုပ်ငန်းစာတွဲကို သဘောထားမှတ်ချက်နှင့်အတူ မြို့နယ် လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြရမည်။ (နည်းဥပဒေ-၂၆)
- မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် နည်းဥပဒေ ၂၆ အရ တင်ပြသည့် လယ်ယာမြေလုပ်ပိုင်ခွင့် လုပ်ငန်းစာတွဲကို လက်ခံရရှိသည့်အခါ စိစစ်၍ ယင်းစာတွဲလက်ခံရရှိသည့်နေ့မှ (၁၅)ရက်အတွင်း လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူ အမည်ကို ပြောင်းလဲခွင့်ပြုကြောင်း မြို့နယ်ဦးစီးဌာနရုံးသို့ အကြောင်းကြားရမည်။ (နည်းဥပဒေ-၂၇)
- မြို့နယ်ဦးစီးဌာနရုံးသည် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က လယ်ယာမြေ လုပ်ပိုင်ခွင့်ရရှိသူ အမည်ပြောင်းလဲခွင့်ပြုကြောင်း အကြောင်းကြားစာရရှိပြီး ၁၅ရက်အတွင်း ယင်း အမည်ပြောင်းလဲခွင့် ရရှိသူကို ဦးစီးဌာနရငွေ စာရင်းသို့ မှတ်ပုံတင်ကြေး ပေးသွင်းစေ၍ လယ်ယာမြေလုပ်ပိုင်ခွင့် ရရှိသူများ မှတ်ပုံတင် စာရင်း(ပုံစံ ၅)တွင် မှတ်တမ်းတင်ပြီးနောက် သာမန်အားဖြင့် ခုနစ်ရက်အတွင်း လုပ်ငန်းစာတွဲကို မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြရမည်။ (နည်းဥပဒေ-၂၈(က))
- နည်းဥပဒေခွဲ(က)အရ တင်ပြချက်ကို လက်ခံရရှိသည့်အခါ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် လျှောက်ထားသူအား လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ ၇) ကိုထုတ်ပေးရမည်။ ယင်းသို့ ဆောင်ရွက်ပြီးစီးကြောင်း ခရိုင်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့သို့တင်ပြရမည်။ (နည်းဥပဒေ-၂၈(ခ))

- လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူ အမည်ပြောင်းလဲပေးရန် လျှောက်လွှာ(ပုံစံ ၉)နှင့်အတူ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် မူရင်းနှင့် မှတ်ပုံတင်စာချုပ်တို့ ပူးတွဲပါရှိရမည်။


- ဦးပိုင်တစ်ခုလုံးအား လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူ အမည်ပြောင်းလဲပေးရေးအတွက် တင်ပြလာမှုများအပေါ် နည်းဥပဒေ (၂၅၊ ၂၆၊ ၂၇၊ ၂၈)ပါ ပြဋ္ဌာန်းချက်များအတိုင်း ဆက်လက် ဆောင်ရွက်ရန်။

- ဦးပိုင်တစ်စိတ်တစ်ပိုင်းအား လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူ အမည်ပြောင်းလဲပေးရေးအတွက် လျှောက်ထားလာပါက ဦးစီးဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဦးပိုင်ခွဲစိတ်ခြင်း လုပ်ငန်းစဉ် အတိုင်း ဆောင်ရွက်ပြီးနောက် အမည်ပြောင်းလဲရေး လုပ်ငန်းစဉ်အတိုင်း ဆောင်ရွက်ရန်။


- မူလထုတ်ပေးထားရှိသည့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ ၇)မူရင်းနှင့် ပူးတွဲပါရှိသော သက်သေခံမြေပုံမူရင်းများအား မှင်နီဖြင့် "ဖျက်သိမ်းကြောင်း" မြန်မာစာသားဖြင့် ထင်ရှားစွာ ရေးသားပြီးနောက် သက်ဆိုင်ရာ လုပ်ငန်းစာတွဲတွင် ပူးတွဲ၍ မှတ်သားထိန်းသိမ်း ထားရှိရန်။

- လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ ၇)ကို အမည်ပြောင်းလဲထုတ်ပေးပြီးပါက နည်းဥပဒေ ၅၂ အရ ရပ်ကွက် (သို့) ကျေးရွာအုပ်စုအလိုက် လယ်ယာမြေလုပ်ပိုင်ခွင့် မှတ်ပုံတင်စာရင်း (ပုံစံ ၁၁)တွင် မှတ်တမ်းတင်ရန်အတွက် မိတ္တူပေးပို့ရန်။

## လယ်ယာမြေ လုပ်ပိုင်ခွင့်ကို ရောင်းချခြင်း၊ လဲလှယ်ခြင်း၊ ပေးကမ်းခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်းတို့နှင့် ပတ်သက်၍ ရပ်ကွက်/ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့တွင် စာချုပ်မှတ်ပုံတင်ရာ၌ လိုက်နာဆောင်ရွက်ရန် လုပ်ငန်းစဉ်



## လယ်ယာမြေ လုပ်ပိုင်ခွင့်ကို ရောင်းချခြင်း၊ လဲလှယ်ခြင်း၊ ပေးကမ်းခြင်း၊ ပေါင်နှံခြင်းတို့ဖြင့် လုပ်ပိုင်ခွင့်ရရှိသူအမည် ပြောင်းလဲခြင်းနှင့် ပတ်သက်၍ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ



# အခြားသီးနှံ ပြောင်းစိုက်ခြင်း

ရာသီသီးနှံအမျိုးအစားမှ အခြားသီးနှံအမျိုးအစားသို့ ပြောင်းလဲစိုက်ပျိုးခွင့်ပြုရန် လျှောက်ထားချက်နှင့်စပ်လျဉ်း၍-

(က) ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် နိုင်ငံတော်၏ အဓိက စားသုံးသီးနှံဖြစ်သည့် ဆန်စပါးဖူလုံမှုကို ထိခိုက်မှုမရှိစေရေး အတွက် သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီးရာသီသီးနှံမှ အခြားသီးနှံပြောင်းလဲစိုက်ပျိုးရန် ခွင့်ပြုနိုင်သည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ နေပြည်တော်၊ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် လယ်မြေမှတစ်ပါး လယ်ယာမြေတွင် ရာသီသီးနှံမှ အခြားသီးနှံ ပြောင်းလဲစိုက်ပျိုးရန်ဖြစ်ပါက သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး ခွင့်ပြုနိုင်သည်။


# အခြားနည်း အသုံးပြုခြင်း

အများပြည်သူအကျိုးငှာ လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုရန် လျှောက်ထားချက်နှင့် စပ်လျဉ်း၍-

(က) ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် လယ်မြေကို အခြားနည်းဖြင့်အသုံးပြုနိုင်ရေးအတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ နေပြည်တော်၊ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ စိစစ်ထောက်ခံချက်ဖြင့် ခွင့်ပြုနိုင်သည်။

(ခ) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် လယ်မြေမှတစ်ပါး လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြု နိုင်ရေးအတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ နေပြည်တော်၊ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ စိစစ် ထောက်ခံချက်ဖြင့် ခွင့်ပြုနိုင်သည်။

# လယ်ယာမြေကို ဥပဒေပုဒ်မ ၂၉၊ ၃၀(က)၊ (ခ)အရ အခြားနည်း အသုံးပြုခွင့် လျှောက်ထားသည့် လုပ်ငန်းစဉ်အဆင့်ဆင့်



# မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းမှ


# ပြောင်းလဲသတ်မှတ်သော လယ်ယာမြေ

- မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လယ်ယာမြေ လုပ်ပိုင် ခွင့်ကို ဝယ်ယူခြင်း၊ လဲလှယ်ရယူခြင်း သို့မဟုတ် ပေးကမ်းသည်ကို လက်ခံခြင်းပြုသူအားလည်း ကောင်း၊ အမွေဆက်ခံခြင်းဖြင့်လယ်ယာမြေလုပ်ပိုင်ခွင့်ကိုရရှိသူအား လည်းကောင်း၊ မြေလွတ်၊ မြေလပ် နှင့် မြေရိုင်းလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိ၍ စိုက်ပျိုးမြေအဖြစ် ဖော်ထုတ်စိုက်ပျိုးပြီးနောက် ဤဥပဒေ နှင့်အညီ လယ်ယာမြေလုပ်ပိုင်ခွင့်လျှောက်ထားသူအားလည်းကောင်း မြို့နယ်ဦးစီးဌာနရုံးတွင် သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်ကြေး ပေးဆောင်စေ၍ မှတ်ပုံတင်ပြီး လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ထုတ်ပေးရမည်။ (ပုဒ်မ -၈)
- မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီက စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းများအတွက် လုပ်ပိုင်ခွင့် သို့မဟုတ် အသုံးပြုခွင့်ပေးထားသည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများနှင့် စပ်လျဉ်း၍ သီးနှံစိုက်ပျိုးထုတ်လုပ်မှု တည်ငြိမ်သည့်အခါ လယ်ယာမြေအဖြစ် ပြောင်းလဲသတ်မှတ်ပြီး ဤဥပဒေတွင် အကျုံးဝင်စေရမည်။ (ပုဒ်မ -၃၄)

- မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီနှင့် စီမံခန့်ခွဲရေးလုပ်ငန်း အထောက် အကူပြုအဖွဲ့ တို့မှ လုပ်ပိုင်ခွင့်ရရှိထားသူသည် ဖော်ထုတ်စိုက်ပျိုးလုပ်ကိုင်မှု တည်ငြိမ်လာသည့်အခါ -
  - ခဝတ်ပုံမှတ်တမ်းနှင့်အထောက်အထားများပူးတွဲ၍ လျှောက်လွှာ (ပုံစံ ၁၀)ဖြင့် ဗဟို လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့နှင့် နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ် လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့သို့ လျှောက်ထားနိုင်၊ (နည်းဥပဒေ- ၃၅၊ ၄၁)
  - နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ် စီမံခန့်ခွဲရေးလုပ်ငန်း အထောက်အကူပြုအဖွဲ့၏ စိစစ်ထောက်ခံချက် ပူးတွဲ၊ (နည်းဥပဒေ- ၃၆၊ ၄၂)
  - ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် ခွင့်ပြုကြောင်းကို နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ အကြောင်းကြားရမည်၊ (နည်းဥပဒေ- ၃၇)
  - နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် ခွင့်ပြု ကြောင်းကို ခရိုင်/မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့တို့မှတစ်ဆင့် မြို့နယ်ဦးစီးဌာနရုံး သို့ အကြောင်းကြား ရမည်၊ (နည်းဥပဒေ- ၃၈၊ ၄၃)

- မြို့နယ်ဦးစီးဌာနရုံးသည် -
  - မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းမှ လယ်ယာမြေအဖြစ်သို့ ပြောင်းလဲသတ်မှတ်ပေးခြင်း လုပ်ငန်းစာတွဲ ဖွင့်လှစ်ရမည်။
  - မှတ်ပုံတင်ကြေးပေးသွင်းစေပြီး လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိထားသူများ မှတ်ပုံတင်စာရင်း (ပုံစံ ၅) တွင် မှတ်တမ်းတင်ပြီး မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြရမည်။ (နည်းဥပဒေ- ၃၉၊ ၄၄)
- မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် -
  - လျှောက်ထားသူအား လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ ၇) ထုတ်ပေးရမည်။ (နည်းဥပဒေ- ၄၀၊ ၄၅)
- နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရ ခွင့်ပြုထားသော သို့မဟုတ် ရင်းနှီးမြှုပ်နှံသူများပါဝင်သော အဖွဲ့အစည်း က လျှောက်ထားလာပါက -
  - ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ပြောင်းလဲသတ်မှတ်ပေးနိုင်သည်။ (နည်းဥပဒေ- ၄၆)


# မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းမှ ပြောင်းလဲသတ်မှတ်သော လယ်ယာမြေများ




မှတ်ချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေအရ ခွင့်ပြုထားသော သို့မဟုတ် ရင်းနှီးမြှုပ်နှံသူများ ပါဝင်သော အဖွဲ့အစည်းက လျှောက်ထားလာပါက ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ သည် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် လယ်ယာမြေအဖြစ် ပြောင်းလဲ သတ်မှတ်ပေးနိုင်သည်။ (နည်းဥပဒေ - ၄၆)

# လယ်ယာမြေလုပ်ပိုင်ခွင့်အငြင်းပွားမှု ဖြေရှင်းခြင်းနှင့်အယူခံခြင်း လုပ်ငန်းစဉ် အဆင့်ဆင့်

# လယ်ယာမြေလုပ်ပိုင်ခွင့်အငြင်းပွားမှု ဖြေရှင်းခြင်းနှင့် အယူခံခြင်း လုပ်ငန်းစဉ် အဆင့်ဆင့်




-ဥပဒေပြဋ္ဌာန်းချက်ပါ လယ်/စီ အဖွဲ့အဆင့်ဆင့်၏ ဆုံးဖြတ်ချက် ချမှတ်သည့် ရက်ပေါင်း (၁၃၅)ရက် ၊

-ဥပဒေပြဋ္ဌာန်းချက်ပါ လယ်/စီအဖွဲ့အဆင့်ဆင့်သို့ သတ်မှတ်ချက်များနှင့်အညီ အယူခံနိုင်သည့် ရက်ပေါင်း(၁၂၀)ရက်၊

-လယ်/စီအဖွဲ့အဆင့်ဆင့်၏ အမိန့်(သို့)ဆုံးဖြတ်ချက်အပေါ် မကျေနပ်သူက အယူခံလွှာ တင်သွင်းရာတွင် လယ်ယာမြေ အငြင်းပွားမှုကို ဆုံးဖြတ်သည့် မှန်ကန်ကြောင်း သက်သေခံလက်မှတ် ရေးထိုးထားသော အမိန့်(သို့) ဆုံးဖြတ်ချက်မိတ္တူနှင့် အားကိုးအားထားပြုသည့် သက်သေခံ စာရွက်စာတမ်းများနှင့် အခြားအထောက်အထားများ ပူးတွဲတင်ပြရမည်။

လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇) ပျက်စီးခြင်း၊ ပျောက်ဆုံးခြင်း
ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ (၃.၇.၂၀၁၄) ရက်စွဲပါ
စာအမှတ်၊ ၁၂/လယ-၃၆/(၁၂၃/၂၀၁၄)

## ပျက်စီးခြင်း၊ ပျောက်ဆုံးခြင်း

- လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ ၇)မူရင်း ပျက်စီး၊ ပျောက်ဆုံးမှုများအတွက် လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် ထပ်မံထုတ်ပေးရန် လျှောက်ထားပါက -
    - တင်ပြသောလျှောက်လွှာ (ပုံစံ၁-က)၊
    - ရပ်ကွက် (သို့မဟုတ်) ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ စိစစ်ထောက်ခံချက်၊
    - တင်ပြသူ အမည်ပေါက် ပါဝင်သော လယ်ယာမြေလုပ်ပိုင်ခွင့်မှတ်ပုံတင် စာရင်း (ပုံစံ-၁၁)မိတ္တူ။
- အထက်အပိုဒ်ပါအချက်များ ပူးတွဲလျက် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ထုတ်ပေးခဲ့သည့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ ပေးပို့လျှောက်ထားရန်။
- မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် ပျက်စီး/ပျောက်ဆုံးခြင်းနှင့်ပတ်သက်၍ မှန်ကန်မှု ရှိ/ မရှိ စိစစ်ဆောင်ရွက်ရမည် -
    - မှတ်ပုံတင်စာရင်း ပုံစံ-၅၊ ပုံစံ-၇ (ရုံးလက်ခံ) တို့နှင့် တိုက်ဆိုင်စစ်ဆေးရန်၊
    - ကန့်ကွက်နိုင်ရန် ကြော်ငြာစာ ပုံစံ ၂-ခ ဖြင့် ထုတ်ဆင့်ကြေငြာရန်၊
    - မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ရုံး၊ ရပ်ကွက်/ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ရုံး (ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး)နှင့် ရပ်ကွက်/ကျေးရွာအုပ်စုအတွင်း လူစည်ကားရာ နေရာများတွင် ကပ်ရန်
    - ရက်ပေါင်း (၃၀)အတွင်း ကန့်ကွက်နိုင်ကြောင်း ဖော်ပြရန်။

- ရက်ပေါင်း (၃၀)အတွင်း ကန့်ကွက်လွှာ ရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ သဘောထားမှတ်ချက် နှင့်အတူ ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှတဆင့် နေပြည်တော်ကောင်စီ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ထံ တင်ပြရန်၊ ကန့်ကွက်ခြင်းရှိပါက ကန့်ကွက်လွှာနှင့် တင်ပြလာသည့် အထောက်အထားများကိုလည်း တစ်ပါတည်း ပူးတွဲတင်ပြရန်။
- နေပြည်တော်ကောင်စီ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ ကန့်ကွက်ချက်တစ်စုံတစ်ရာမရှိပါက "ဒုတိယမူရင်း" သို့မဟုတ် "မိတ္တူမှန်" ထုတ်ပေးနိုင်ရေး အဆင့်ဆင့် ပြန်လည်အကြောင်းကြားရန်။
- ဦးစီးဌာနရငွေသို့ ဒဏ်ကြေးငွေ နှစ်ထောင်ကျပ် ပေးသွင်းစေပြီး မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က (ပုံစံ ၇) ဒုတိယမူရင်း သို့မဟုတ် မိတ္တူမှန် ထုတ်ပေးရန်။
- ကန့်ကွက်ချက်တစ်စုံတစ်ရာ ပူးတွဲပါရှိပါက စိစစ်ပြီးနောက် ငြင်းပယ်ရန် ခိုင်လုံကြောင်း စစ်ဆေးတွေ့ရှိ ရပါက ငြင်းပယ်ကြောင်း အကြောင်းကြားစာ (ပုံစံ -၈ က) ထုတ်ပေးနိုင်ရေး အဆင့်ဆင့်ပြန်လည် အကြောင်း ကြားလျက် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က (ပုံစံ-၈က)ဖြင့် ပျက်စီး/ပျောက်ဆုံးကြောင်း လျှောက်ထားမှုအပေါ် ငြင်းပယ်ကြောင်း အကြောင်းကြားရန် (ငြင်းပယ်ခံရသူများစာရင်း (ပုံစံ-၆ က)ဖြင့် မှတ်ပုံတင်ထား ရှိလျက်)။

# စနစ်ကျလယ်ယာမြေဖော်ထုတ်ခြင်း

နိုင်ငံတော် သို့မဟုတ် ဒေသ အစီအစဉ်အရ လယ်ယာမြေကိုခေတ်မီစံပြ စက်မှုလယ်ယာအဖြစ် ပြုပြင် ပြောင်းလဲဖော်ထုတ်ရာတွင် ယင်းလယ်ယာမြေ၏နယ်နိမိတ်နှင့် ဧရိယာအတိုးအလျော့ဖြစ်ပေါ်လာပါက မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် မူလလယ်ယာမြေလုပ်ပိုင်ခွင့် ရရှိထားသူက စိုက်ပျိုးရာသီအချိန်မီ စိုက်ပျိုးနိုင်စေရန် ကွင်းဆင်းစိစစ်ခြင်း၊ မှန်ကန်မျှတစွာညှိနှိုင်းဆုံးဖြတ်ခြင်း၊ လယ်ယာမြေလုပ်ပိုင်ခွင့် ပြန်လည် သတ်မှတ်ခြင်းများကို **လယ်ယာမြေပြုပြင်ပြောင်းလဲဖော်ထုတ်ပြီးသည့်နေ့မှ (၁၅) ရက်အတွင်း** ပြီးပြတ်အောင် ဆောင်ရွက်ပေးရမည်။

လယ်ယာမြေ နည်းဥပဒေ အပိုဒ်- ၉၅

## ကန်ထရိုက် လယ်ယာစနစ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

အမိန့်ကြော်ငြာစာအမှတ် ၁၆ /၂၀၂၀

၁၃၈၁ ခုနှစ်၊ တပို့တွဲလဆန်း ၇ ရက်

၂၀၂၀ ပြည့်နှစ် ၊ ဇန်နဝါရီလ ၃၁ ရက်

**ကန်ထရိုက်လယ်ယာစနစ်ဆောင်ရွက်ရာတွင် လိုက်နာရန် လုပ်ထုံးလုပ်နည်းများ**

**ထုတ်ပြန်ကြေညာခြင်း**

## တောင်သူများက လိုက်နာဆောင်ရွက်ရန်အချက်များ

(က) ကန်ထရိုက်လယ်ယာစနစ် ဆောင်ရွက်ရာတွင် လယ်ယာမြေ လုပ်ပိုင်ခွင့်လက်မှတ် ပုံစံ-၇ သို့မဟုတ် လုပ်ပိုင်ခွင့်၊ ပိုင်ဆိုင်ခွင့်ရရှိထားသည့် အထောက်အထားတစ်ခုခုတင်ပြနိုင်သူဖြစ်ရမည်။ ထိုသို့ ဆောင်ရွက်ရာတွင် စုပေါင်းတာဝန်ယူသည့် စနစ် (၅ ယောက် တစ်ဖွဲ့ ဝိုင်းကြီးချုပ်စနစ်) ကို မိမိတို့သဘောတူ ညှိနှိုင်းဖွဲ့စည်းရန်နှင့် အဖွဲ့ခေါင်းဆောင် (Key Farmer) ကို ရွေးချယ်ပေးရမည်။

(ခ) ကန်ထရိုက်လယ်ယာစနစ် စာချုပ်ချုပ်ဆိုသော တောင်သူလယ်သမားများအနေဖြင့် စာချုပ် သက်တမ်းနှင့် စာချုပ်အသက်ဝင်မည့် ကာလအပါအဝင် စာချုပ်ပါစည်းကမ်းချက်များကို အကြေအလည် ဆွေးနွေးပြီး ကောင်းစွာသိရှိနားလည်သဘောပေါက်အောင် ကြိုတင်ဆောင်ရွက်ထားရမည်။ နှစ်ဦး နှစ်ဖက်နစ်နာမှု မရှိစေရေး အတွက် နှစ်စဉ်စာချုပ် ညှိနှိုင်းချုပ်ဆိုရမည်။

(ဂ) စိုက်ပျိုးမွေးမြူသူ တောင်သူလယ်သမားများအနေဖြင့် လက်မှတ်ရေးထိုးဆောင်ရွက်သည့် ကုမ္ပဏီ၊ ပုဂ္ဂလိက လုပ်ငန်းရှင်၊ အသင်းအဖွဲ့များနှင့် သဘောတူညီထားသည့် စာချုပ်ပါ စည်းကမ်းချက်များနှင့် စိုက်ပျိုးမွေးမြူရေး စနစ်များအတိုင်း လိုက်နာဆောင်ရွက်ရမည်။ (စာချုပ်တွင် စာချုပ်သက်တမ်းနှင့် စာချုပ် အသက်ဝင်မည့် ကာလအပါအဝင် စာချုပ်ပါစည်းကမ်းချက်များ ဖော်ပြရမည်)

## တောင်သူများက လိုက်နာဆောင်ရွက်ရန်အချက်များ (မှအဆက်)

(ဃ) ကန်ထရိုက်လယ်ယာစနစ် ဆောင်ရွက်မည့် လုပ်ငန်းပေါ်မူတည်၍ စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ အလေ့အကျင့်ကောင်းများနှင့် နည်းပညာလုပ်ငန်းစဉ်များကို လိုက်နာဆောင်ရွက်ပြီး ထွက်ကုန်များ ကိုလည်း စာချုပ်ပါ သတ်မှတ်ထားသော အရေအတွက်၊ အရည်အသွေးနှင့် စံချိန်စံညွှန်းပြည့်မီအောင် ထုတ်လုပ်ရမည်။

(င) ကန်ထရိုက်လယ်ယာစနစ် စာချုပ်အရ ကုမ္ပဏီ၊ ပုဂ္ဂလိကလုပ်ငန်းရှင်၊ အသင်းအဖွဲ့များမှ ပေးအပ်သော သွင်းအားစု ပံ့ပိုးမှုများကို စာချုပ်ပါ သတ်မှတ်ထားသည့် ဧရိယာနှင့် လုပ်ငန်းများတွင်သာ အသုံးပြုရမည်။ အခြားဧရိယာနှင့် လုပ်ငန်းများအတွက် လုံးဝပြောင်းလဲသုံးစွဲခြင်း မပြုရ။

(စ) နည်းပညာပေးသင်တန်းများ၊ ဟောပြောပို့ချမှုများတွင် ပါဝင်တက်ရောက်ပေးရမည်။ လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များနှင့် ညွှန်ကြားချက်များကို တိကျစွာလိုက်နာဆောင်ရွက်ရမည်။

(ဆ) သဘောတူစာချုပ်အပေါ် ပြင်ဆင်၊ ဖြည့်စွက်ချက်များကို နှစ်ဦးသဘောတူပြုလုပ်ရန် လိုအပ်ပါက ဆက်စပ်သော အဖွဲ့အစည်းများနှင့် သက်သေများရှေ့မှောက်တွင် အဆိုပါ ပြင်ဆင်၊ ဖြည့်စွက်ချက်များကို သဘောတူကြောင်း နှစ်ဖက်လက်မှတ်ရေးထိုးရမည်။

**တောင်သူများက လိုက်နာဆောင်ရွက်ရန်အချက်များ (မှ အဆက်)**

(ဓ) စိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားများနှင့် ကုမ္ပဏီ၊ ပုဂ္ဂလိကလုပ်ငန်းရှင်၊ အသင်းအဖွဲ့များ တို့ နှစ်ဦးနှစ်ဖက် သဘောတူညှိနှိုင်းဆောင်ရွက်ထားပြီးဖြစ်သော ထွက်ရှိလာသည့် သီးနှံ သို့မဟုတ် ထွက်ကုန်များကို စာချုပ်ပါ စည်းကမ်းချက်များနှင့်အညီ ကုမ္ပဏီ သို့မဟုတ် ပုဂ္ဂလိက လုပ်ငန်းရှင် သို့မဟုတ် အသင်းအဖွဲ့ထံ သတ်မှတ်အရေအတွက် သို့မဟုတ် ပမာဏအတိုင်း ရောင်းချရမည်။ ပိုလျှံသည့် သီးနှံ သို့မဟုတ် ထွက်ကုန်များကို လွတ်လပ်စွာ ရောင်းချခွင့်ရှိသည်။

(ဈ) စိုက်ပျိုးမွေးမြူသူ တောင်သူလယ်သမားများအနေဖြင့် ကန်ထရိုက်လယ်ယာဆောင်ရွက်သည့် ကာလအတွင်း စာချုပ်ပါ မလွန်ဆန်နိုင်သည့်ဖြစ်ရပ် (ဥပမာ- သဘာဝဘေး) ကြုံတွေ့ရပါက သက်ဆိုင်ရာ ကုမ္ပဏီ၊ ပုဂ္ဂလိက လုပ်ငန်းရှင်၊ အသင်းအဖွဲ့များနှင့် အစိုးရဌာနများသို့ အချိန်မီ ဆက်သွယ်သတင်းပို့၍ အကူအညီတောင်းခံရမည်။ မူလစာချုပ်တွင် ထည့်သွင်းချုပ်ဆိုထားသည့် လုပ်ငန်းစဉ်များအတိုင်း မပျက်မကွက် ဆက်လက်ဆောင်ရွက် ရမည်။

အားလုံး ကျေးဇူး တင်ပါတယ်

# လယ်ယာမြေ လက်ကမ်းစာစောင်

(ဂ) အမွေဆက်ခံနိုင်ခွင့် ရှိပါမည်။

(ဃ) စည်းကမ်းမပျက်သရွေ့ လယ်ယာမြေကို လုပ်ပိုင်ခွင့်ရရှိပါမည်။

(င) စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ သို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှု / ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူများ နှင့် အကျိုးတူ လုပ်ကိုင်ခွင့် ရှိပါမည်။

(စ) မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ နိုင်ငံခြားသား / နိုင်ငံခြားသား ပါဝင်သော အဖွဲ့အစည်းနှင့် ပူးပေါင်း၍ အကျိုးတူ လုပ်ကိုင်ခွင့် ရရှိပါမည်။

လယ်ယာမြေ ဥပဒေ ပုဒ်မ ၉

## လယ်ယာမြေကို အသုံးချခြင်း

ကျေးလက်နေ ပြည်သူလူထု၏ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သက်ဆိုင်သည့် စာသင်ကျောင်း၊ အားကစားကွင်း၊ ကျေးရွာချင်းဆက်လမ်း၊ ကျန်းမာရေးဌာန ၊ ဆေးရုံဆေးပေးခန်း ၊ စာကြည့်တိုက် ၊ ကျေးလက်ဈေး ၊ သုသာန် နှင့် အခြားလိုအပ်သော အဆောက်အအုံများအတွက် လယ်ယာမြေကို အသုံးပြုရန်ကိစ္စ နှင့်

လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်မှုလယ်ယာမှ ခေတ်မီစက်မှုလယ်ယာစနစ်သို့ကူးပြောင်းရာတွင် လိုအပ်သည့် လယ်ယာသုံးစက်နှင့် စက်ကိရိယာများ ထားရှိခြင်း၊ ဆန်စက်များ ၊ သီးနှံသိုလှောင်သည့် ဂိုဒေါင်များ ၊ လိုအပ်သော ကုန်ထုတ်လမ်းများနှင့် အခြေခံအဆောက်အအုံများ တည်ဆောက်ရာတွင် လယ်ယာမြေကို အသုံးပြုရန် ကိစ္စတို့နှင့် စပ်လျဉ်း၍ ဥပဒေနှင့်အညီ စိစစ်ခွင့်ပြုပေးသွားမည်ဖြစ်ပါသည်။

လယ်ယာမြေ ဥပဒေ ပုဒ်မ ၁၇ (စ)၊ (ဆ)

## လယ်ယာမြေလုပ်ပိုင်ခွင့် ရရှိထားသူ လိုက်နာရမည့် စည်းကမ်းများ

လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူသည် -

(က) ဤဥပဒေတွင် ပြဌာန်းထားသည့်အတိုင်း လယ်ယာမြေကို လုပ်ကိုင်ရမည်။

(ခ) လယ်ယာမြေနှင့် စပ်လျဉ်း၍ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ စည်းကြပ်သော မြေခွန်နှင့် အခြားအခွန်အခများကို ပေးဆောင်ရမည်။

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရောင်းချခြင်း ၊ ပေါင်နှံခြင်း ၊ ငှားရမ်းခြင်း ၊ လဲလှယ်ခြင်းနှင့် ပေးကမ်းခြင်းတို့ကို ဆောင်ရွက်သည့်အခါ မြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က သတ်မှတ်သည့် လယ်ယာမြေတန်ဖိုးနှင့်အညီ တည်ဆဲဥပဒေအရ သတ်မှတ်သော တံဆိပ်ခေါင်းခွန် နှင့် ဦးစီးဌာနက သတ်မှတ်သည့် စာချုပ်စာတမ်း မှတ်ပုံတင်ခတို့ကို ပေးဆောင်၍ သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

(ဃ) တည်ဆဲဥပဒေနှင့်အညီ အမွေဆက်ခံခြင်းဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရရှိသည့်အခါ သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

(င) စိုက်ပျိုးထုတ်လုပ်မှု အရင်းအနှီးအတွက်သာ လယ်ယာမြေလုပ်ပိုင်ခွင့်ကို ပေါင်နှံခွင့်ရှိပြီး အစိုးရဘဏ် (သို့မဟုတ်) အစိုးရက အသိအမှတ်ပြုသော ဘဏ်တွင်သာ ပေါင်နှံရမည်။

(စ) လယ်ယာမြေကို ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်း သုံးစွဲခြင်း မပြုရ။

(ဆ) လယ်ယာမြေကို ရာသီ သီးနှံ အမျိုးအစားမှ အခြားသီးနှံအမျိုးအစားသို့ ခွင့်ပြုချက်မရှိဘဲ ပြောင်းလဲစိုက်ပျိုးခြင်း မပြုရ။

(ဇ) ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ လယ်ယာမြေကို လှပ်ထားခြင်း မပြုရ။ သို့ရာတွင် လယ်ယာမြေကို လှပ်ထားရန် အကြောင်းတစ်စုံတစ်ရာ ပေါ်ပေါက်ပါက မြေတည်ရှိရာ ရပ်ကွက် (သို့မဟုတ်) ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှတစ်ဆင့် မြို့နယ် လယ်ယာစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြရမည်။ ယင်းသို့ လှပ်ထားခြင်းသည်လည်း ရွှေ့ပြောင်းတောင်ယာမြေမှအပ နှစ်နှစ်ဆက်တိုက်ထက် မပိုစေရ။

(ဈ) လယ်ယာမြေလုပ်ပိုင်ခွင့် မရမီကာလအတွင်း (သို့မဟုတ်) လယ်ယာမြေလုပ်ပိုင်ခွင့်နှင့် စပ်လျဉ်း၍ အငြင်းပွားမှု ဖြစ်ပေါ်နေသော ကာလအတွင်း လယ်ယာမြေကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း ၊ လဲလှယ်ခြင်း (သို့မဟုတ်) ပေးကမ်းခြင်း မပြုရ။

လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာနမှ ဖြန့်ဝေသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန

## လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိရေးအတွက် သိရှိထားသင့်သောအကြောင်းအရာများ

တောင်သူလယ်သမားများ
သားစဉ်မြေးဆက်၊ အဆက်ဆက်
ဘဝအာမခံချက် ရရှိဖို့
လယ်ယာမြေ လုပ်ပိုင်ခွင့်
မှတ်ပုံတင်ကြစို့.....

# လယ်ယာမြေ လက်ကမ်းစာစောင်

### လယ်ယာမြေဆိုသည်မှာ

လယ်မြေ၊ ယာမြေ ၊ ကိုင်းကျွန်းမြေ ၊ တောင်ယာမြေ၊ နှစ်ရှည်ပင်စိုက်ပျိုးသောမြေ၊ ဓနိမြေ၊ ဥယျာဉ်မြေ၊ ဟင်းသီးဟင်းရွက်၊ ပန်းမန်စိုက်ပျိုးသည့်ခြံမြေနှင့် မြေနုကျွန်းမြေတို့ ပါဝင်ပါသည်။

လယ်ယာမြေ ဥပဒေ ပုဒ်မ ၃ (က)

### လယ်ယာမြေလုပ်ပိုင်ခွင့်ဆိုသည်မှာ

လယ်ယာမြေကို လယ်ယာမြေဥပဒေနှင့် နည်းဥပဒေများအရ သတ်မှတ်ထားသည့် စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ လက်ဝယ်ထားရှိ၍ စိုက်ပျိုးလုပ်ကိုင်အသုံးချခွင့် ရရှိခြင်းဖြစ်ပါသည်။

လယ်ယာမြေ ဥပဒေ ပုဒ်မ ၃ (စ)

### လယ်ယာမြေလုပ်ပိုင်ခွင့် အခွင့်အရေးများရရှိရန်

တောင်သူလယ်သမားများသည် မိမိတို့ လုပ်ကိုင်နေသည့် လယ်ယာမြေများနှင့် စပ်လျဉ်း၍ လယ်ယာမြေဥပဒေပါ အခွင့်အရေးများ ရရှိရန်အတွက် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် လျှောက်ထား ရယူကြရပါမည်။

လယ်ယာမြေ ဥပဒေ ပုဒ်မ ၄

### လယ်ယာမြေလုပ်ပိုင်ခွင့် လျှောက်ထားနိုင်သူများ

အသက်(၁၈)နှစ် ပြည့်ပြီးသော နိုင်ငံသား၊ ဧည့်နိုင်ငံသား(သို့မဟုတ်) နိုင်ငံသားပြုခွင့်ရသူဖြစ်သည့်

(က) မြေကိုအသုံးပြု၍ စိုက်ပျိုးရေး (သို့မဟုတ်) မွေးမြူရေး (သို့မဟုတ်) လုပ်ငန်းနှစ်ရပ်လုံးကို အသက်မွေးဝမ်းကျောင်းအဖြစ် ကိုယ်တိုင်လုပ်ကိုင်သူ / ကိုယ်တိုင် အစဉ်တစိုက် လုပ်ကိုင်ခဲ့သူ / ကိုယ်တိုင်ကြီးကြပ်လုပ်ကိုင်သူ / အရင်းအနှီး မတည် စိုက်ထုတ်လုပ်ကိုင်သူ/ လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသူ / မျိုး နှင့် သားပေါက်များ ထုတ်လုပ်ရောင်းချနေသည့် တောင်သူလယ်သမား၊

(ခ) တောင်သူလယ်သမား အိမ်ထောင်သားစု (သို့မဟုတ်) အိမ်ထောင်သားစုဝင် ၊

(ဂ) လယ်ယာမြေကို အသုံးပြုခွင့်ရရှိထားသော အိမ်ထောင်သားစု အကြီးအကဲ (သို့မဟုတ်) အိမ်ထောင်သားစုတွင် ပါဝင်သူတစ်ဦး (သို့မဟုတ်) အုပ်ထိန်းသူ၊

(ဃ) တစ်လုံးတစ်စည်းတည်းဖြစ်၍ ပစ္စည်းမခွဲဝေရသေးသော တောင်သူလယ်သမား အိမ်ထောင်သားစုတွင် ပါဝင်သူတစ်ဦးဦး၏ အမည်ဖြင့် ထားရှိသော လယ်ယာမြေအားလုံးကို ထိုအိမ်ထောင်သားစုတွင် ပါဝင်သူအားလုံးက ပူးတွဲလက်ရှိ အသုံးပြုခွင့် ရရှိထားပါက ယင်းအကျိုးတူ ခံစားခွင့်ရှိသော တောင်သူလယ်သမား အိမ်ထောင်သားစု၊

(င) လယ်ယာမြေဥပဒေ အာဏာမတည်မီ လယ်ယာမြေနှင့် သက်ဆိုင်သော တည်ဆဲဥပဒေနှင့်အညီ တရားဝင် လက်ရှိ လက်ငုတ် လုပ်ကိုင်နေသူ၊

(စ) လျှောက်ထားသည့် လယ်ယာမြေတွင် အမှန်တကယ်လုပ်ကိုင်နေသူ / လယ်ယာမြေကို အသုံးပြုခွင့်ရရှိထားသူဖြစ်ကြောင်း အတည်ပြုခံရသူ / အထောက်အထား တင်ပြနိုင်သူများ၊

(ဆ) လယ်ယာမြေကို အသုံးပြုခွင့်ရရှိထားသော အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများလည်း လျှောက်ထား နိုင်ပါသည်။

လယ်ယာမြေ ဥပဒေ ပုဒ်မ ၆

### လယ်ယာမြေလုပ်ပိုင်ခွင့် လျှောက်ထားရမည့်နေရာ

လယ်ယာမြေတည်ရှိသည့် သက်ဆိုင်ရာရပ်ကွက် (သို့မဟုတ်) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး ( ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့) မှတစ်ဆင့် သက်ဆိုင်ရာ မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံး။

လယ်ယာမြေ ဥပဒေ ပုဒ်မ ၄

### လယ်ယာမြေလုပ်ပိုင်ခွင့် လျှောက်ထားခြင်း

ရပ်ကွက် (သို့မဟုတ်) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးတွင် လယ်ယာမြေလုပ်ပိုင်ခွင့် လျှောက်လွှာ (ပုံစံ ၁) ကို အခမဲ့ ရယူလျှောက်ထားရမည်။

သက်ဆိုင်ရာလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်မှ စိစစ်ပြီး မှန်ကန်ပါက ချိန်းဆိုသောနေ့တွင် မှတ်ပုံတင်ကြေး ပေးသွင်းပြီးလျှင် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ ၇) ရရှိပါမည်။

လယ်ယာမြေနည်းဥပဒေ ပုဒ်မ ၃၊ ၁၄ (က)

### လယ်ယာမြေလုပ်ပိုင်ခွင့် အငြင်းပွားမှုဖြစ်လျှင်

အငြင်းပွားမှုများရှိပါက ရပ်ကွက် (သို့မဟုတ်) ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့တွင် မူလ မှုခင်း ဖွင့်လှစ်လျှောက်ထား၍ အဆုံးအဖြတ် ခံယူရပါမည်။

ရပ်ကွက် (သို့မဟုတ်) ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ဆုံးဖြတ်ချက်ကို မကျေနပ်ပါက မြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့တွင် အယူခံ ဝင်နိုင်ပါသည်။

မြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ခရိုင် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့တွင် အယူခံဝင်နိုင်ပါသည်။

ခရိုင် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ဆုံးဖြတ်ချက်ကို မကျေနပ်ပါက တိုင်းဒေသကြီး / ပြည်နယ်၊ နေပြည်တော် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့တွင် အယူခံဝင်နိုင်ပါသည်။

လယ်ယာမြေ ဥပဒေ အခန်း (၈)

### လယ်ယာမြေကို နိုင်ငံခြားသားများအား လွှဲပြောင်းခွင့်မရှိပါ

လယ်ယာမြေလုပ်ပိုင်ခွင့် ရရှိသူသည် လုပ်ပိုင်ခွင့် အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ ၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်မရရှိဘဲ မည်သည့် နိုင်ငံခြားသား (သို့မဟုတ်) နိုင်ငံခြားသား ပါဝင်သည့်အဖွဲ့အစည်းကိုရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လဲလှယ်ခြင်း (သို့မဟုတ်) ပေးကမ်းခြင်း မပြုရပါ။ ပြုလုပ်ခဲ့ပါလျှင် လယ်ယာမြေအား သိမ်းယူခြင်း ခံရပါမည်။

လယ်ယာမြေ ဥပဒေ ပုဒ်မ ၁၄

လယ်ယာမြေလုပ်ပိုင်ခွင့် ရရှိသူ၏ အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့် ၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ လုပ်ပိုင်ခွင့်မှရလာသော အကျိုးအမြတ်ကို ခံစားပိုင်ခွင့် ရှိပါမည်။

(ခ) လုပ်ပိုင်ခွင့်ရရှိထားသော လယ်ယာမြေအားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ သတ်မှတ်ထားသောစည်းကမ်းနှင့်အညီ ရောင်းချ၊ ပေါင်နှံ၊ ငှားရမ်း၊ လဲလှယ်၊ ပေးကမ်းခွင့် ရှိပါမည်။